ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ (5-2-2006) (၄၈၆၂)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ခြစည်းရိုးကြက်ဆူရိုင်းမှာ မြန်မာနိုင်ငံ၏ ရေ၊ မြေရာသီဥတုနှင့် ကိုက်ညီမျိုးရရှိရန်လွယ်ကူပြီး နိုင်ငံအနှံ့ ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးနိုင် ကျေးလက်ဒေသ မိသားစုဝင်ငွေတိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြက်ဆူရိုင်းစိုက်ပျိုးရေး ရည်မှန်းချက်ကေများရသည်အထိ ကြိုးပမ်း

**ကြက်ဆူပျိုးပင်စိုက်ပျိုး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ ခြစည်းရိုးကြက်ဆူပျိုးပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)



ရန်ကုန် ဖေဖော်ဝါရီ ၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၃ရက် ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ရောက်ရှိကြသည်။**

**ကြိုဆိုနှုတ်ဆက်**

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေး နန်းမြို့ ညော့ရိပ်သာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** *

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံတွင် ကြက်ဆူဆီအသုံးပြု၍ မြေထိုးစက် မောင်းနှင်သရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)





**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၅-၂-၂၀၀၆
(တနင်္ဂနွေနေ့)

# အဆင့်မြင့်နည်းပညာသုံး စက်ရုံများထူထောင် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးအတွက် ဘက်စုံကဏ္ဍစုံမှ စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာတွင် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံပိုင်စက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိကစက်မှု လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိသည်။ ယခုအခါ စက်မှုဇုန် ၁၈ ခုတွင် အကြီးစားစက်မှုလုပ်ငန်း ၁၆၅၄ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၂၄၁၆ ခု၊ အငယ်စားစက်မှုလုပ်ငန်း ၅၅၀၉ခု စုစုပေါင်း စက်မှုလုပ်ငန်း ၉၅၇၉ ခု၌ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ခေတ်မီစက်မှုနိုင်ငံအဖြစ် အကောင်အထည်ဖော်ရာတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအနေဖြင့် လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန် ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများကို ထူထောင်လျက်ရှိရာ ရေမြေအခြေအနေအရ စက်မှုကုန်ကြမ်းများ အလွယ်တကူရရှိနိုင်သည့်စက်ရုံအများအပြားနှင့် ခေတ်မီစက်မှုလုပ်ငန်းများ ပေါ်ထွက်လာနေသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်းရှိ သာပေါင်းစက္ကူပျော့ဖတ်စက်ရုံ၊ ပွင့်ဖြူ၊ ပခုက္ကူ၊ ဆားလင်းကြီးဒေသတို့ရှိ ချည်မျှင်နှင့်အထည်စက်ရုံများနှင့် ဘိလပ်မြေစက်ရုံများ၊ သကြားစက်ရုံများ၊ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်သည့်စက်ရုံများ၊ဆပ်ပြာစက်ရုံများနှင့် ဆေးဝါးစက်ရုံများသည် ထင်ရှားသော သာဓကများဖြစ်သည်။

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သာမြို့အနီးတွင် တည်ဆောက်ပြီးစီးသွားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စွပ်ကျယ်စက်ရုံ(တောင်သာ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက် နေ့က အဆိုပါစက်ရုံ၌ ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် **ဤစက်ရုံဖွင့်လှစ်နိုင်သည့်အတွက် နယ်သူနယ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာသကဲ့သို့ ခေတ်မီစက်ကိရိယာများကို ကိုင်တွယ်အသုံးပြုတတ်သည့် အဆင့်အတန်းရှိသော နည်းပညာသည်လည်း စက်ရုံဝန်ထမ်းများမှတစ်ဆင့် နယ်မြေအတွင်းတွင် ဆင့်ကဲဆင့်ကဲ ရင်းနှီးပြန့်ပွားလာမည်ဖြစ်ကြောင်း** ပြောကြားသွားသည်။

စွပ်ကျယ်စက်ရုံ(တောင်သာ) စီမံကိန်းသည် လက်ရှိ တည်ဆောက်ပြီးစီးနေသည့် စွပ်ကျယ်စက်ရုံများအနက် အကြီးမားဆုံးနှင့် ခေတ်အမီဆုံး စက်ရုံတစ်ရုံဖြစ်ပြီး ဒီဇိုင်းဆန်းသစ်လှပသောစွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များအပါအဝင် တစ်နှစ်လျှင် အထည်ရေပေါင်း နှစ်သန်းထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါစက်ရုံကို ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူ ၁၆၀၀ ကျော် အလုပ်အကိုင်များရရှိကြပြီး အလုပ်လုပ်ကိုင်သူမိသားစုများ၏ နေထိုင်မှုဘဝ ပိုမိုအဆင်ပြေတိုးတက်လာမည်ဖြစ်သည်။

စွပ်ကျယ်စက်ရုံ(တောင်သာ)သည် ခေတ်မီစက်ရုံကြီးဖြစ်သည်နှင့်အညီ ပြည်တွင်းမှထွက်ရှိသည့်ဝါကို ပွင့်ဖြူစက်ရုံ ကဲ့သို့ ချည်မျှင်များ ရက်လုပ်သည့်လုပ်ငန်းများနှင့် အထည်အချောကိုင်စက်ရုံ(ပလိပ်)ကဲ့သို့ ဆေးဆိုးပြီးအထည်ချုပ်လုပ်သည့် လုပ်ငန်းများကိုပါ ပူးတွဲလုပ်ကိုင်နိုင်သော စက်ရုံဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်တွင်းအထည်အလိပ် လိုအပ်ချက်များ ဖြည့်ဆည်းရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာရေး၊ ခေတ်မီစက်ကိရိယာ အသုံးပြုသည့် နည်းပညာမြင့်မားလာရေးတို့အတွက် အဆင့်မြင့်နည်းပညာ သုံးစွဲရသည့် စက်ရုံများကို ရင်းနှီးထူထောင်လျက်ရှိသည်နှင့်အညီ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် စက်ရုံအလိုက် ကုန်ထုတ်လုပ်ငန်းများ စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





**ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# ကင်ဆာကိုကာကွယ်နိုင်သလို ပျောက်ကင်းအောင်လည်း ကုသနိုင် ကျန်းမာရေး အသိစိတ်များ မြှင့်တင်ပေးခြင်းကို ဦးစားပေး

ရန်ကုန် ဖေဖော်ဝါရီ ၄

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

## တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေ ကိုယ်စားလှယ် Professor Adik Wibowo၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် ကမ္ဘာ့ထိပ်သီး ကင်ဆာရောဂါ တိုက်ဖျက်ရေး ညီလာခံ၏ နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ထိုနေ့ကို အကြောင်းပြုပြီး နှစ်စဉ် ဖေဖော်ဝါရီ ၄ ရက်နေ့ကို World Cancer Day ဟု သတ်မှတ်ခေါ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း၊ ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ လူနေမှုဘဝအပေါ် ကင်ဆာရောဂါ၏ ဆိုးကျိုးသက်ရောက်မှုနှင့် လူနာများ ဝေဒနာခံစားနေရမှုတို့ကို အများပြည်သူတို့ သိရှိစေရန်၊ ကင်ဆာရောဂါဝေဒနာရှင်နှင့် ၎င်းတို့၏ မိသားစုများကို ကင်ဆာရောဂါကုသမှု၊ ဝေဒနာသက်သာအောင် ပြုစုနည်းများ ရှင်းလင်းစွာ သိရှိနားလည်စေရန်၊ အထောက်အထားခိုင်လုံသော ကင်ဆာရောဂါ ကာကွယ်ကုသရေး နည်းလမ်းများကို သိရှိကြစေရန်၊ နိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများ၊ မိသားစုများက ကင်ဆာရောဂါဝေဒနာရှင်များအတွက် ဝန်ဆောင်မှုများ ပေးခြင်းနှင့်ပိုမိုကောင်းမွန်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ကြောင်း၊ နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁၀သန်းနှင့် အထက် ကင်ဆာရောဂါ ခံစားနေကြရကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် နှစ်စဉ် လူပေါင်း ၁၅သန်း ကင်ဆာရောဂါ ခံစားကြရမည်ဟု ပညာရှင်များ ခန့်မှန်းထားကြကြောင်း၊ ကင်ဆာရောဂါကို ကာကွယ်နိုင်သလို ပျောက်ကင်းအောင်လည်း ကုသပေးနိုင်ကြောင်း၊ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိအောင် လုပ်ဆောင်ခြင်းနှင့် ထိရောက်သောကုသမှု ရရှိပါက ပျောက်ကင်းအောင် ကုသပေးနိုင်မှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကင်ဆာရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးပညာပေးခြင်း၊ ကျန်းမာရေးအသိစိတ်များ မြှင့်တင်ပေးခြင်းများကို ဦးစားပေးလုပ်ဆောင်ရမှာ ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ "My Child Matters" ဖြစ်ပြီး မြန်မာဘာသာဖြင့် **"ကင်ဆာကင်းဝေး၊ တို့ရင်သွေး၊ ဆောလျင်မနှေး ကုသပေး"**ဟူ၍ ဖြစ်ကြောင်း၊ ကလေးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါများကို ဦးတည်ထားခြင်း ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကလေးကင်ဆာရောဂါများကို ၇၅ ရာခိုင်နှုန်း ပျောက်ကင်းအောင် ကုသနိုင်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ၅၀ ရာခိုင်နှုန်းသာ ပျောက်ကင်းအောင် ကုသပေးနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ကင်ဆာရောဂါသည် ပြည်သူများ ကျန်းမာရေးအတွက် ပြဿနာတစ်ရပ် ဖြစ်လာကြောင်း၊ ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်ခြင်းဖြင့် ပြည်သူလူထုအတွင်း ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာများ ပိုမိုပျံ့နှံ့လာမည်ဖြစ်ပြီး ကင်ဆာရောဂါကြောင့် နိုင်ငံတော်အပေါ် ကျရောက်လာမည့် ကျန်းမာရေး ဝန်ထုပ်ဝန်ပိုးများ လျော့နည်းလာစေရန် ရည်ရွယ်ကြောင်း၊ ထို့ကြောင့် ကင်ဆာရောဂါ ခံစားနေရသော ကလေးများအားလုံး ရောဂါဝေဒနာ သက်သာပျောက်ကင်းစေရန် ဝိုင်းဝန်းကြိုးစားကြခြင်းဖြင့် ကင်ဆာရောဂါဝေဒနာရှင် ကလေးများ၏ အသက်ကို ကယ်တင်ကြပါဟု ပြောကြားသွားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကင်ဆာရောဂါကုသရေးဆိုင်ရာ ဆေးပြခန်းများကို လှည့်လည် ကြည့်ရှုကြသည်။

## ဟောပြော

ထို့နောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဆေးပညာကင်ဆာရောဂါ အထူးကု သမားတော်ကြီး ဒေါက်တာစိုးအောင်က **"ယနေ့ ကမ္ဘာနှင့်မြန်မာနိုင်ငံတွင် ကင်ဆာရောဂါ ဖြစ်ပွားမှုအခြေအနေ"**ကိုလည်းကောင်း၊ ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေး စီမံချက် စီမံချက်မန်နေဂျာ ဓာတ်ရောင်ခြည်ဆေးကုဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာသီတာစန်းက **"ကင်ဆာကင်းဝေးရန်၊ လိုက်နာဆောင်ရွက်သင့်သည့် အချက်များ"** ကိုလည်းကောင်း၊ ကလေး ကျန်းမာရေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာအေးမောင်ဟန်က **"ကလေးကင်ဆာ သိကောင်းစရာ၊ ဆောလျင်သိမှ ကုသရ"** အကြောင်းကို လည်းကောင်း အသီးသီးဟောပြောကြသည်။

(သတင်းစဉ်)

# ဓမ္မပူဇာတရားပွဲများ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် မင်းဒင်လမ်း တတိယအကြိမ် ဓမ္မပူဇာတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် အရှင်စက္ကပါလ (နယ်လှည့်ဓမ္မကထိက)၊ ဖေဖော်ဝါရီ ၈ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်၊ ရွှေပြည်ဟိန်းကျောင်း)နှင့် ဖေဖော်ဝါရီ ၉ ရက်တွင် အရှင်ကောသလ္လ (ဓမ္မစေတီဆရာတော်)တို့က ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဦးတင်နွယ်၊ ဒေါ်ခင်ခင်မျိုးနှင့် ဒေါ်ဝင်းကြည်တို့အားရည်စူး၍ တူ၊တူမများက ငွေကျပ် ၆၀၀၀၀၀ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံပေးအပ်လှူဒါန်းစဉ်။**(သတင်းစဉ်)

## ✳ ရွှေဖုံးမှ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀နာရီခွဲတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန Large White အမျိုးအစား ဝက်ကောင်ရေ ၁၄၀ မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းမှဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံအမှတ်(၁)ရှိ ခြံစည်းရိုးကြက်ဆူရိုင်း ပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြက်ဆူရိုင်း တစ်ဧကလျှင် အပင် ၁၂၀၀ စုစုပေါင်း ဧက ၄၀အပင်ပေါင်း ၄၈၀၀၀ စိုက်ပျိုးထားသည့် စိုက်ခင်းသို့ ရောက်ရှိကြပြီး ကြက်ဆူရိုင်းမျိုးစေ့၊ပျိုးပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ယခုနှစ်စိုက်ပျိုးမည့် ကြက်ဆူရိုင်းစိုက်ဧက ၁၀၀ အတွက် မျိုးစေ့ ၁၂၀၀၀၀ နှင့် ကိုင်းထိုးမျိုး ၃၀၀၀၀ စုစုပေါင်းပင်ရေ ၁၅၀၀၀၀ စိုက်ပျိုးထားမှုနှင့် ကြက်ဆူရိုင်းပင်စိုက်ပျိုးနိုင်သည့် မြေဧကအခြေအနေတို့ကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းပြသရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

### သရုပ်ပြမှု ကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ၁၀၀ ရာခိုင်နှုန်း ကြက်ဆူဆီအသုံးပြု၍ မောင်းနှင်ပြသသည့် မြေထိုးစက်၊ လမ်းကြိတ်စက်၊ မြေတူးစက်များ မောင်းနှင်သရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း စဉ့်ကူးမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ခံတက်ပင်စိုက်ကွင်း၌ ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ ပျိုးထောင်ပွဲအခမ်းအနားတွင် မြို့နယ်၊ရပ်ကွက်နှင့် ကျေးရွာများ၌ စိုက်ပျိုးနိုင်ရန် ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများကို မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ပေးအပ်စဉ်။

(သတင်းစဉ်)

မြင်းကောင်ရေ ၉၆ ကောင်အားရှိ D.4. H အမျိုးအစား မြေထိုးစက်ကို ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် ၁ နာရီလျှင် လေးဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်သည်။ မြင်းကောင်ရေ ၁၂၀ အားရှိ လမ်းကြိတ်စက်ကို ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် ၁နာရီလျှင် တစ်ဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်ပြီး မြင်းကောင်ရေ ၁၄၀အားရှိ မြေတူးစက်ကို ကြက်ဆူဆီဖြင့် ၁ နာရီလျှင် ကြက်ဆူဆီ ငါးဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်ကြောင်း သိရသည်။

### လက်တွေ့ပြသ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေး စိန်ပန်းစက်မှုဇုန် ကျော်ပဒေသာ ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ) အသုံးပြုသည့် မြင်း ၁၈ ကောင်အားရှိ Jiangoong အင်ဂျင်စက်ဖြင့် ကြက်ဆူဆီ ကြိတ်ခွဲထုတ်လုပ်သည့် စက်အစိတ်အပိုင်းများ၊ ယင်းစက်ဖြင့် ကြက်ဆူဆီကြိတ်ခွဲ လက်တွေ့ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ) ကြိတ်ခွဲစက်ဖြင့် ကြက်ဆူရိုင်း အဆန်တစ်တင်း ကြိတ်ခွဲပါက ဇီဝဒီဇယ်ဆီ တစ်ဂါလန်နှုန်းရရှိကြောင်း သိရှိရသည်။

**မြင်းကောင်ရေ ၉၆ ကောင် အားရှိ D.4. H အမျိုးအစား မြေထိုးစက်ကို ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် ၁ နာရီလျှင် လေးဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်သည်။ မြင်းကောင်ရေ ၁၂၀အားရှိ လမ်းကြိတ်စက်ကို ကြက်ဆူဆီ (ဇီဝဒီဇယ်ဆီ)ဖြင့် ၁ နာရီလျှင် တစ်ဂါလန်နှုန်း အသုံးပြုမောင်းနှင်နိုင်ပြီး မြင်းကောင်ရေ ၁၄၀အားရှိ မြေတူးစက်ကို ကြက်ဆူဆီဖြင့် ၁ နာရီလျှင် ကြက်ဆူဆီ ငါးဂါလန်နှုန်း အသုံးပြု မောင်းနှင်နိုင်ကြောင်း သိရ။**

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူပျိုးထောင်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အားပေးသည်။

### ရှင်းလင်းပြသ

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ကြင်က မန္တလေးတိုင်းအတွင်း ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ကြက်ဆူပင်ဧက ငါးသိန်း ယခင်စိုက်ပျိုးထားသည့် ယာမြေ၊ လယ်မြေများ မထိခိုက်စေဘဲ နည်းလမ်းခုနစ်သွယ်ဖြင့် စိုက်ပျိုးမည့် အစီအစဉ်၊ စိုက်ပျိုးမြေ၊ ပျိုးပင်၊ မျိုးစေ့များ ရှာဖွေစုဆောင်း ဆောင်ရွက်နေမှု၊ ယနေ့ကျင်းပသည့် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ ကြက်ဆူပျိုးထောင်ပွဲတွင် ဧက ၄၀၀ အတွက် ပျိုးပင်ပေါင်း ၄၈၀၀၀၀ ပျိုးထောင်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### မှာကြား

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြက်ဆူစေ့များ၊ ကြက်ဆူဆန်များ၊ ကြက်ဆူပျိုးပင်များ၊ ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)တို့ကို ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁)က မှာကြားရာတွင် ခြံစည်းရိုး ကြက်ဆူရိုင်းမှာ မြန်မာနိုင်ငံ၏ ရေ၊ မြေ ရာသီဥတုနှင့် ကိုက်ညီမှုတပြီး ရှေးနှစ်ပေါင်းများစွာကပင် ဒေသအနှံ့ ပေါက်ရောက်လျက်ရှိနေကြောင်း၊ ကြက်ဆူရိုင်းမျိုးရရှိရန် လွယ်ကူပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ကုန်ကျစရိတ် သက်သာစွာဖြင့် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ကြောင်း။

### ဆုံးရှုံးနေခဲ့

ယခင်က ကြက်ဆူရိုင်းပင်မှာ ခြံစည်းရိုးပင်အဖြစ်သာ အသုံးဝင်နေပြီး ယင်း၏တန်ဖိုးများလည်း အလဟဿ ဆုံးရှုံးနေခဲ့ရကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ဤကဲ့သို့ အလဟဿဆုံးရှုံးနေရသည့် ခြံစည်းရိုး ကြက်ဆူရိုင်း၏တန်ဖိုးကို ဖော်ထုတ်ပြီး ကြက်ဆူရိုင်း စိုက်ပျိုးရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားထားပြီး ဖြစ်ကြောင်း။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❒

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ၏ ကြက်ဆူရိုင်းမျိုးစေ့ပျိုးပင်များကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# လက်ဘနွန်တောင်ပိုင်းတွင် ကုလတပ်ဖွဲ့ဆက်လက်ရှိနေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ချမှတ်

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၃

**ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအနေဖြင့် လက်ဘနွန်နိုင်ငံ တောင်ပိုင်းဒေသတွင် နောက်ထပ်ခြောက်လ ဆက်လက်ထားရှိရန် လုံခြုံရေးကောင်စီက အင်္ဂါနေ့တွင် အခွင့်အာဏာပေးလိုက်သည်။ ၎င်းတပ်ဖွဲ့ဝင်များသည် ယင်းဒေသမှနေ၍ အစ္စရေးနှင့် နယ်စပ်ချင်းထိစပ်နေသည့်နေရာတွင် တင်းမာမှုများ လျော့ကျမှုရှိမရှိ စောင့်ကြည့်လေ့လာမည်ဖြစ်သည်။**

### ချမှတ်

ကုလသမဂ္ဂမစ်ရှင်အဖွဲ့အား ယင်းနေရာတွင် ဇူလိုင် ၃၁ ရက်အထိ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုထားသည့် ဆုံးဖြတ်ချက်ကို ၁၅ နိုင်ငံ ပါဝင်သော လုံခြုံရေးကောင်စီက တညီတညွတ်တည်း ချမှတ်လိုက်ခြင်းဖြစ်သည်။

### ဆုံးဖြတ်

လက်ဘနွန်တွင် ဖြန့်ကြက်ထားသည့် အင်အား ၂၀၀၀ ရှိ ကုလသမဂ္ဂကြားဖြတ် တပ်ဖွဲ့၏ သက်တမ်းသည် အင်္ဂါနေ့ည သန်းခေါင်ယံတွင် ကုန်ဆုံးမည်ဖြစ်သဖြင့် လုံခြုံရေး ကောင်စီက မဲဖြင့်သက်တမ်းတိုးရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

### တိုက်တွန်း

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် အစ္စရေးနှင့် လက်ဘနွန်တို့က အတူတကွ ပိုင်းခြားထားသည့် နယ်စပ်ကို ကျူးကျော်မှုများ အဆုံးသတ်ရေးနှင့် လက်ဘနွန်တောင်ပိုင်း နယ်စပ်တွင် အစ္စရေးတပ်ဖွဲ့များကို တိုက်ခိုက်မှုမပြုနိုင်စေရန် လက်ဘနွန်အစိုးရက ထိုဒေသကို ၎င်း၏အခွင့်အာဏာဖြင့် လုံခြုံရေး ထိန်းသိမ်းပေးရန် တိုက်တွန်းထားသည်။

လက်ဘနွန် တောင်ပိုင်းဒေသတွင် လုံခြုံရေး ထိန်းသိမ်းနိုင်ရေးအတွက် မည်သို့မည်ပုံ ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်ကို ခြောက်လအတွင်း လက်ဘနွန်က ပြန်လည်အစီရင်ခံရန် အဆိုပါ ဆုံးဖြတ်ချက်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား တိုက်တွန်းထားသည်။

***အမ်အင်အေ၊ရိုက်တာ။***



# အမေရိကန်တပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက် အီရတ် အမျိုးသမီးကြီးတစ်ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

**အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့အလိုရှိနေသည့် တိုက်ခိုက်ရေးသမားတစ်ဦးကို ဖမ်းဆီးရန်အတွက် ဘဂ္ဂဒက်မြို့ ဆာဒါခရိုင်အတွင်း စီးနင်းရှာဖွေခဲ့စဉ် အမေရိကန် ရဟတ်ယာဉ်တစ်စင်းက ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့ရသည်။**

အဆိုပါ ရဟတ်ယာဉ်ကို အဆောက်အအုံတစ်ခု၏ ခေါင်မိုးပေါ်မှ လူတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ရာ ရဟတ်ယာဉ်က ရော့ကက်ဒုံးကျည်များ စက်သေနတ်များဖြင့် ပြန်လည် ပစ်ခတ်ခဲ့သည်ဟု အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးတင်ကီဖီးက ပြောကြားသည်။

၎င်းက လူသေဆုံးမှုမရှိဟု ပြောကြားသော်လည်း လေကြောင်းမှ ပစ်ခတ်မှုကြောင့် သက်ကြီးရွယ်အို တစ်ဦး သေဆုံးပြီး အခြားလူငါးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု ဒေသခံများက ပြောကြားသည်။

ဖော်ပြပါဒေသတွင် နံနက် ၁ နာရီခန့်က စီးနင်းရှာဖွေမှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပျံဝဲနေသည့် ရဟတ်ယာဉ်များပေါ်မှ အမေရိကန်တပ်ဖွဲ့ဝင်များသည် ကြိုးဖြင့်ဆင်းလာခဲ့ကြသည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက် လူမျိုးများ ဦးဆောင်သည့် အီရတ်အစိုးရကို တိုက်ခိုက်နေသည့် ဆွန်နီခုခံရေးသမားအုပ်စု ဖြစ်သော အန်ဆာ-အယ်လ်-ဆွန်နာမှ သေနတ်သမားတစ်ဦးကို ဖမ်းဆီးရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းဒေသကို စီးနင်းရှာဖွေခဲ့ခြင်းဖြစ်သည်ဟု ကီဖီးက ပြောကြားသည်။

ယင်းသို့ စီးနင်းရှာဖွေမှုများ ပြုလုပ်စဉ်အတွင်း လူနှစ်ဦးကို ထိန်းသိမ်းခဲ့သည်။ ၎င်းတို့ရည်ရွယ်ထားသည့် ပစ်မှတ်သည် ထိုနှစ်ဦးထဲမှ ဟုတ်၊မဟုတ်ကို ရုတ်ခြည်းအားဖြင့် မသိရသေးပေ။ အမေရိကန်စစ်ဘက် ရဟတ်ယာဉ်သည် ယင်းဒေသမှ ပြန်လည်ထွက်ခွာစဉ် မြေပြင်မှ ပစ်ခတ်မှုခံခဲ့ရ သည်ဟုဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အမေရိကန်သံတမန် သူလျှိုလုပ်မှု ဗင်နီဇွဲလားသမ္မတ သတိပေး

**ကရာကတ်စ်(ဗင်နီဇွဲလား)**
**ဖေဖော်ဝါရီ ၃**

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အမေရိကန်သံအမတ်ကြီးအား ၎င်း၏ နိုင်ငံအပေါ် သူလျှိုလုပ်မှုအတွက် တနင်္လာနေ့က သတိပေးလိုက်ပြီး သံအမတ်ကြီး၏သူလျှိုများက ဌာနများအတွင်းအထိပင် ထိုးဖောက်စိမ့်ဝင်ကာ သူလျှိုလုပ်ငန်းများ ပြုလုပ်လျက်ရှိကြောင်းကိုလည်း စွပ်စွဲခဲ့သည်။

အမေရိကန်သံရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ဗင်နီဇွဲလားစစ်ဘက် အရာရှိများနှင့်ဆက်သွယ်ကာ နိုင်ငံ၏လျှို့ဝှက်သတင်းများကို အမေရိကန်စစ်ဌာနချုပ်သို့ ပေးပို့ခဲ့သည်ဟု ဗင်နီဇွဲလားအစိုးရက လွန်ခဲ့သည့်ရက်သတ္တပတ်က စွပ်စွဲပြောကြားခဲ့သည်။

အမေရိကန်သံရုံးအနေဖြင့် သူလျှိုလုပ်မှုကိစ္စကို ရပ်ဆိုင်းရန် မိမိ ထပ်မံပြောကြားကြောင်း၊ သူလျှိုများသည် ဌာနဆိုင်ရာများအထိ ထိုးဖောက်ဝင်ရောက်နေသည်ကို မိမိတို့က စောင့်ကြည့်နေသည်ဟု သမ္မတချာဗက်ဇ်က စီးပွားရေးဆိုင်ရာ အခမ်းအနားတစ်ခုတွင် ပြောကြားခဲ့သည်။

သံရုံးအတွင်းမှ အမေရိကန် စစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်များသည်လည်း သူလျှိုလုပ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် အမေရိကန်သံရုံးဝန်ထမ်းများကို သူလျှိုလုပ်မှုဖြင့် တွေ့ရှိပါက ဖမ်းဆီးမည်ဟုလည်း သမ္မတချာဗက်ဇ်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ရေနံပိုက်လိုင်း တိုက်ခိုက်ရေးသမားများက ဖောက်ခွဲဖျက်ဆီး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃**

တူရကီနိုင်ငံသို့ ပေးပို့နေသည့် အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ ရေနံမြေမှ ရေနံပိုက်လိုင်း နှစ်ခုအနက် ရေနံပိုက် လိုင်းတစ်ခုသို့ ပေးပို့သော ရေနံစုပ်စက်တစ်လုံးကို ပြောက်ကျားများက ဖောက်ခွဲပစ်လိုက်ကြောင်း ရေနံဌာနမှ တာဝန်ရှိပုဂ္ဂိုလ် တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပြောက်ကျားများက ရေနံပိုက်လိုင်းနှစ်ခုကိုလွန်ခဲ့သည့် ရက်သတ္တပတ်က ဖောက်ခွဲပြီးနောက် အီရတ်မြောက်ပိုင်းရှိ ကယ်ကွတ်မြို့မှ တူရကီနိုင်ငံ စီဟန်မြို့ရှိ ရေနံလှောင်ကန်သို့ တင်ပို့နေမှုကို ရပ်ဆိုင်းထားသည်။

ပြောက်ကျားများက ကယ်ကွတ်မြို့ အနောက်ပိုင်းဒေသရှိ ရေနံချက် စက်ရုံသစ်တစ်ခုကို တိုက်ခိုက်ခဲ့ကြသည်။ ယင်းစက်ရုံက တူရကီနိုင်ငံသို့ တင်ပို့နေသည့် ဒုတိယပိုက်လိုင်းသို့ ရေနံပို့လွှတ်နေသည့် စက်ရုံဖြစ်သည်။

ပထမတိုက်ခိုက်မှုအတွင်း ရေနံပိုက်လိုင်းပျက်စီးခဲ့ရကြောင်း၊ အလုပ်သမားများက ပြန်လည်ပြင်ဆင်ကြပြီးနောက် ရေနံစုပ်သည့်စက်ကို ဖောက်ခွဲခံရပြန်ကြောင်း၊ ပြင်ဆင်ရန်အတွက် အချိန်မည်မျှကြာမည်ကို မိမိတို့ မသိနိုင်သေးကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အီရတ်မြောက်ပိုင်းရေနံကုမ္ပဏီက တူရကီသို့ ရေနံဆက်လက်တင်ပို့နိုင်ရန် နည်းလမ်းရှာသည့်အနေဖြင့် အစောင့်အရှောက်ထူထပ်စွာချထားပြီး ရေနံပိုက်လိုင်း ပြင်ဆင်မှု စတင်လုပ်ဆောင်ခဲ့ရသည်ဟု ဆိုသည်။

အီရတ်က ပြည်ပသို့ ရေနံတင်ပို့မှု ပမာဏသည် ဒီဇင်ဘာလအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ပြီး တိုက်ခိုက်နေမှုနှင့် ရာသီဥတုဆိုးရွားမှုကြောင့် နေ့စဉ်ရေနံစိမ်းစည်သုညဒသမ ၁ သန်းသာ တင်ပို့နိုင်ခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန် ရဟတ်ယာဉ်တစ်စင်း လုံခြုံရေးဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*




# တန်ဇန်းနီးယားနိုင်ငံတွင် ကာလရှည် မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုလျော့နည်း၊ ရိက္ခာပြဿနာတွေ့ကြုံ

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၃

**တန်ဇန်းနီးယားနိုင်ငံတွင် မိုးခေါင်သည့် ကာလကြာရှည်လာသည့်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျော့နည်းလာကာ နေ့ပိုင်းလျှပ်စစ်ဓာတ်အားပို့လွှတ်မှုကို ရပ်ဆိုင်းထားလိုက်ရသည်ဟု စွမ်းအင်ဝန်ကြီးက ဖေဖော်ဝါရီလ ၂ ရက်က ပြောကြားသည်။**

ရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်ပေးနေသော မတီရာဆည်ကြီးအတွင်းသိုလှောင်ထားသော ရေပမာဏသည် သိသိသာသာ နည်းပါးသွားသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန် မဖြစ်နိုင်တော့သည့်အတွက် ဓာတ်အားထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ရကြောင်း စွမ်းအင်နှင့်သဘာဝအရင်းအမြစ်ဝန်ကြီး အေဘရာ ဟမ်မဆာဘာက ကြေညာခဲ့သည်။

အခြားသောဓာတ်အားပေးစက်ရုံများမှာမူ ယခုအချိန်အထိ ဓာတ်အားထုတ်လုပ်မှုကို ရပ်ဆိုင်းထားခြင်း မရှိသေးသော်လည်း ထုတ်လုပ်မှု ပမာဏမှာမူ စက်စွမ်းအားထက်များစွာ နိမ့်ကျလျက်ရှိကြောင်း သိရသည်။

ဖော်ပြပါ အခြေအနေများကြောင့် မိမိတို့အနေဖြင့် နိုင်ငံအဝန်းသို့ ဓာတ်အား ဖြန့်ဖြူးပေးသည့်လုပ်ငန်းကို အနည်းဆုံး ရှစ်နာရီအချိန်အထိသာ ကန့်သတ်ဖြန့်ဝေနေရခြင်းဖြစ်သည်ဟု မဆာဘာကဆက်လက်ပြောကြားသည်။

နေ့ပိုင်းအချိန်များတွင် လျှပ်စစ်ဓာတ်အား ဖြတ်တောက်မှုများကို ပြုလုပ်ထားမည်ဖြစ်သော်လည်း ဆေးရုံများ၊ တပ်စခန်းများနှင့် ရေဖြန့်ဖြူးရေးစက်ရုံများသို့ ဓာတ်အားဖြန့်ဝေပေးမှုကိုမူ ဆက်လက်ခွင့်ပြုထားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏မြို့တော် ဒါရက်ဆလမ်တွင် ဓာတ်အားပြတ်တောက်သည့် အခြေအနေသည် လွန်ခဲ့သော ငါးလကြာကာလ ကတည်းက ဖြစ်ပေါ်လျက်ရှိသည်။ လာမည့်မတ်လနှောင်းပိုင်း မိုးရွာသွန်းလာချိန်တွင် ယခုဖြစ်ပေါ်နေသော အခက်အခဲများကို လွန်မြောက်နိုင်ဖွယ်ရှိသည်ဟု တန်ဇန်းနီးယားသမ္မတ ဂျာကာယာ ကီကွာတီက ပြောကြားသည်။

အရှေ့အာဖရိကဒေသ နိုင်ငံများဖြစ်သော ကင်ညာနှင့် ယူဂန္ဒာနိုင်ငံတို့၌လည်း မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများ အကျပ်အတည်းဖြစ်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားမလုံလောက်သည့် ပြဿနာဖြစ်ပေါ်နေချိန်တွင် မိုးမမှန်မှုတွေ့ကြုံနေခြင်းကြောင့် စားနပ်ရိက္ခာ မလုံလောက်သည့်အခက်အခဲနှင့်လည်း ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ကြောင်း လူသားချင်းစာနာသော အကူအညီပေးရေးအဖွဲ့များက သတိပေးထားသည်။ တန်ဇန်းနီးယားတစ်နိုင်ငံတည်းမှာပင် အနည်းဆုံး ပြည်သူ ၆၀၀၀၀၀ ကျော်တို့မှာ စားနပ်ရိက္ခာ အကူအညီ လိုအပ်မည်ဟု သမ္မတ ကီကွာတီက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီး ရေနံချက်စက်ရုံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံဆက်သွယ်ထားသော ပိုက်လိုင်း မီးလောင်မှုဖြစ်ပွားရာ မီးသတ်သမားများက ငြိမ်းသတ်နေသည်ကို ဖေဖော်ဝါရီ ၁ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ရေနံနှင့်ဓာတ်ငွေ့မြေသစ်များ တရုတ်နိုင်ငံတွင် ဖော်ထုတ်နိုင်ခဲ့

ပေကျင်း ဖေဖော်ဝါရီ ၃

**တရုတ်နိုင်ငံတွင် ရှာဖွေတွေ့ရှိထားသော ပြည်တွင်းရေနံနှင့်ဓာတ်ငွေ့သိုက်ပမာဏသည် လွန်ခဲ့သော ငါးနှစ်အတွင်း မှန်မှန်တိုးတက်လာလျက်ရှိသည်ကို အမျိုးသားဖွံ့ဖြိုးရေးနှင့်ပြုပြင်တည်ဆောက်ရေးကော်မရှင် (အင်ဒီအာရ်စီ)၏ ဖော်ပြချက်များအရ သိရှိရသည်။**

စာရင်းအင်းများအရ တရုတ်နိုင်ငံ၏ ရေနံစိမ်း ထုတ်လုပ်မှုသည် ၂၀၀၀ ပြည့်နှစ်က တန် ၁၆၅သန်းသာ ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ထုတ်လုပ်မှုတန် ၁၈၃ သန်းထိ ရှိလာကြောင်း သိရသည်။ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုမှာလည်း ၂၀၀၀ ပြည့်နှစ်က ကုဗမီတာ ၂၇ ဘီလီယံရှိရာမှ ၂၀၀၅ ခုနှစ်တွင် ကုဗမီတာ ၄၇ဒသမ ၅ဘီလီယံအထိ တိုးတက်လာခဲ့သည်။

တရုတ်နိုင်ငံအရှေ့ဘက် ဒါကင်ဒေသရှိ ရေနံမြေအဟောင်းမှ ထုတ်လုပ်မှုသည် တည်ငြိမ်လျက်ရှိနေချိန်တွင် နိုင်ငံသည် ရေနံနှင့်ဓာတ်ငွေ့ မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

တရုတ်နိုင်ငံ အနောက်ပိုင်း စင်ကျန်အူဂူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နင်ဇီဟူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျင်ဟိုင်း၊ ကန်စုနှင့် ရှန်စီပြည်နယ်များတွင် ကုန်းတွင်းရေနံမြေသစ်များကို တွေ့ရှိခဲ့သည့်အပြင် ဘိုဟိုင်းပင်လယ်ကွေ့ဒေသများတွင် ကမ်းလွန်ရေနံမြေများကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။

နိုင်ငံတောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၅ ခုနှစ်များအတွင်း သဘာဝဓာတ်ငွေ့ရေနံမြေသစ်ကြီးခြောက်ခုကို ဖွံ့ဖြိုးလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိုဓာတ်ငွေ့မြေများသည် တာရင်မ်၊ ဒေါ်နိုနှင့် ကွီဒမ်ဒေသများတွင် တည်ရှိသည်။ နိုင်ငံ၏ စွမ်းအင်သုံးစွဲမှု ကဏ္ဍတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် တစ်နှစ်ထက်တစ်နှစ် တိုး၍အရေးပါလာလျက်ရှိသည်။

တရုတ်နိုင်ငံ၏ စွမ်းအင်သုံးစွဲမှု အချိုးအစားတွင် ၂၀၀၀ပြည့်နှစ် အချိန်က ရေနံ၏ပါဝင်မှုသည် ၁၆ဒသမ၆ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၅ခုနှစ်သို့ ရောက်သောအခါ ရေနံ၏ပါဝင်မှုသည် ၂၂ဒသမ ၇ ရာခိုင်နှုန်းအချိုးအစားအထိ တိုးတက်လာသည်။ သဘာဝဓာတ်ငွေ့ ပါဝင်မှုသည်လည်း ၂၀၀၀ ပြည့်နှစ်က ၂ဒသမ ၁ ရာခိုင်နှုန်းသာရှိခဲ့သည့် အခြေအနေမှ ၂၀၀၅ခုနှစ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်း အချိုးအစားအထိ ပိုမိုများပြားလာသည်။

နိုင်ငံ၏ အနောက်ပိုင်းနယ်မြေများသည် သဘာဝလောင်စာအရင်းအမြစ်များကြွယ်ဝပြီး စွမ်းအင်သုံးစွဲမှု များပြားရာ စက်မှုလုပ်ငန်းများသည် တရုတ်နိုင်ငံ၏ အရှေ့ပိုင်းတွင် တည်ရှိသည်။ ထိုဒေသနှစ်ခုကို ဆက်သွယ်ကာ ဓာတ်ငွေ့လောင်စာများ အရှေ့ပိုင်းသို့ လွှတ်ပေးသောပိုက်လိုင်းသည် ၂၀၀၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။

ဖော်ပြပါနှစ်များအတွင်း တရုတ်နိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် နိုင်ငံခြားလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုမြှင့်တင် ဆောင်ရွက်လာသည်။

၂၀၀၅ ခုနှစ်အထိ ကာလအတွင်း တရုတ်နိုင်ငံသည် နိုင်ငံခြား ကုမ္ပဏီများနှင့် ကန်ထရိုက်စာချုပ်ပေါင်း ၂၀၀ ကျော် အထိ ချုပ်ဆိုနိုင်ခဲ့သည့်အပြင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၉ဒသမ ၃ဘီလီယံ ဝင်ရောက်လာစေရန်လည်း ဆွဲဆောင်နိုင်ခဲ့ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ ဓာတ်ဆီဆိုင်အနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်နေသည်ကို ဖေဖော်ဝါရီ ၂ ရက်ကတွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# အာဖရိကတောင်ပိုင်း ခြောက်နိုင်ငံအတွက် ရိက္ခာထောက်ပံ့ရန် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၆၃သန်း လိုအပ်

ဂျိုဟန်နက်စ်ဘက် ဖေဖော်ဝါရီ ၃

**အာဖရိကတောင်ပိုင်း ခြောက်နိုင်ငံတွင် လာမည့်လများ၌ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်ကြောင်း၊ ထို့အတွက် ရိက္ခာများထောက်ပံ့ပေးနိုင်ရန် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၆၃ သန်း ထပ်မံလိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်။**

ထိုနိုင်ငံများတွင် မိုးရေချိန်ပြည့်မီစွာ ရွာသွန်းခဲ့ပြီး ကောက်ပဲသီးနှံများ ပိုမိုထွက်ရှိခဲ့သော်လည်း ပြည်သူ ၁၀သန်းခန့်သည် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့ဖွယ်ရှိသည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့က ခန့်မှန်းထားခဲ့သည်။

အဆိုပါ နိုင်ငံများမှာ ဇင်ဘာဘွေ၊ မာလာဝီ၊ ဇမ်ဘီယာ၊ မိုဇမ်ဘစ်၊ လီဆိုသိုနှင့် ဆွာဇီလန်နိုင်ငံတို့ဖြစ်သည်။ ထိုနိုင်ငံများတွင် ဧပြီလ၌ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီး နောက်ပိုင်းကာလများတွင် ရိက္ခာရှားပါးမှု ပြဿနာများနှင့် ကြုံတွေ့ရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

နမီးဘီးယားဒေသရှိ ပြည်သူ ၁၁၁၀၀၀ ခန့်ကို စားနပ်ရိက္ခာများ ဖြန့်ဝေရန် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့က စီစဉ်လျက်ရှိသည်။ ထိုဒေသရှိ ကလေးများတွင် အများစုသည် မိဘများက အိဒ်စ်ရောဂါကြောင့် သေဆုံးကြ၍ မိဘမဲ့ကလေးများ ဖြစ်ကြရသူ အများဆုံးပါဝင်သည်။

ဖွန်လအထိ စားနပ်ရိက္ခာများထပ်မံဝယ်ယူနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၆၃ သန်း လိုအပ်လျက်ရှိသည်ဟု အဆိုပါဒေသ၏ ကုလသမဂ္ဂ လူသားချင်းစာနာရေး အထူးအဖွဲ့ဝင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အမှုဆောင်ညွှန်ကြားရေးမှူး ဂျိမ်းမောရစ်က ဂျိုဟန်နက်စ်ဘက်၌ ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ မောရစ်သည် မိုဇမ်ဘစ်၊ မာလာဝီနှင့် တောင်အာဖရိကဒေသသို့ ငါးရက်ကြာ ခရီးသွားရောက်လည်ပတ်မည်ဖြစ်သည်။ လိုအပ်လျက်ရှိသော စားနပ်ရိက္ခာများ ထပ်မံဖြည့်ဆည်းနိုင်ရန် အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လှူဒါန်းမည်ဟု ၎င်းက မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ထိုင်းနိုင်ငံမှ သစ်သီးများ အမေရိကန်ဈေးကွက်သို့ တင်ပို့မည်

ဗန်ကောက် ဖေဖော်ဝါရီ ၃

ထိုင်းနိုင်ငံမှ ဓာတ်ရောင်ခြည်ဖြင့် ပြုပြင်ထားသော သစ်သီးများကို အမေရိကန်နိုင်ငံ ဈေးကွက်သို့ တင်ပို့ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။ ထိုင်းနိုင်ငံသည် ဓာတ်ရောင်ခြည်ဖြင့် ပြုပြင်ထားသော သစ်သီးများကို မြောက်အမေရိကဈေးကွက်များသို့တင်သွင်းခွင့် ရရှိခြင်းသည် ပထမဆုံးသော နိုင်ငံဖြစ်သည်။

ထိုင်းနိုင်ငံ စိုက်ပျိုးရေးနှင့် သမဝါယမလုပ်ငန်းဝန်ကြီး စန်ယင်ဆူဒါရက်ကီယူရာဖန်၏ ပြောကြားချက်ကို သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

အဆိုပါဓာတ်ရောင်ခြည်ဖြင့် ပြုပြင်ထားသောသစ်သီးများ သယ်ယူပို့ဆောင်နိုင်ရေးအတွက် အမေရိကန်နှင့်ထိုင်းနိုင်ငံ စိုက်ပျိုးရေးလုပ်ငန်း ဌာနက ဇန်နဝါရီ ၃၁ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်ဟု ထိုင်းနယူးအေဂျင်စီက ဖေဖော်ဝါရီ ၁ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာတွင် ထိုင်းနိုင်ငံသည် အမေရိကန်ဈေးကွက်သို့ ယခုနှစ်တွင် ဓာတ်ရောင်ခြည်ဖြင့် ပြုပြင်ထားသော သစ်သီးခြောက်မျိုးကို စတင်တင်သွင်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါသစ်သီးများမှာသရက်၊မင်းဂွတ်၊ လိုက်ချီး၊ ကြက်မောက်၊ နာနတ်နှင့် လွန်ဂန်သီးတို့ဖြစ်သည်။

အမေရိကန်နိုင်ငံ ဈေးကွက်သို့ ထိုင်းနိုင်ငံ၏ ဓာတ်ရောင်ခြည်ဖြင့် ပြုပြင်ထားသော သစ်သီးများ တင်ပို့ခွင့်ရရှိခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည်သစ်သီးများကို ကြာရှည်ခံစေရန် ပြုပြင်ပိုးသတ်ရာ၌ အမေရိကန်နိုင်ငံ၏ စံချိန် စံညွှန်းများကို လက်ခံဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်တွင် ဗုံးနှစ်လုံးပေါက်ကွဲ လူ ၁၀ ဦး သေဆုံး၊ ၅၅ဦးဒဏ်ရာရ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးနှစ်လုံး ကြာသပတေးနေ့က ပေါက်ကွဲသဖြင့် လူ ၁၀ဦးထက်မနည်းသေဆုံးပြီး ၅၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။

ကားဗုံးတစ်လုံးသည် ဈေးအတွင်း ပေါက်ကွဲခဲ့ပြီး အခြားဗုံးတစ်လုံးသည် ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ပေါက်ကွဲခဲ့သည်ဟု သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။ သေဆုံးသူဦးရေ ပိုမိုများပြားလာနိုင်ဖွယ်ရှိသည်ဟု သတင်းရပ်ကွက်က ထပ်လောင်းပြောကြားသည်။ ရှီးယိုက်ဦးဆောင်သည့် အီရတ်အစိုးရကိုဖယ်ရှားရေးအတွက် ဆွန်နီပြောက်ကျားများသည် ကားဗုံးဖောက်ခွဲမှု၊ ပစ်ခတ်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများနှင့် စပ်လျဉ်းသည့် လူပ်ရှားမှုများ ပြုလုပ်လျက်ရှိသည်။ ဒီဇင်ဘာ ၁၅ရက်က ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲရလဒ်ကိုထုတ်ပြန်ပြီးသည့်နောက် အီရတ်တွင် တိုက်ခိုက်မှုများ မြင့်မားလာဖွယ်ရှိသည်ဟု အီရတ်နှင့် အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ခန့်မှန်းထားကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# သြစတြေးလျနိုင်ငံတွင် ရဟတ်ယာဉ်ပျက်ကျ

**ကင်ဘာရာ ဖေဖော်ဝါရီ ၃**

သြစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ်ဖြစ်သည့် နယူးဆောက်သ်ဝေးတွင် လူသုံးဦး စီးနင်းလိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်းကြာသပတေးနေ့က ပျက်ကျခဲ့ရာ လူသုံးဦးသေဆုံးခဲ့သည်။

အဆိုပါရဟတ်ယာဉ်သည်ဆစ်ဒနီမြို့၏ အနောက်ပိုင်း ကီလိုမီတာ ၃၀၀ခန့်အကွာရှိ ပါ့သ်မြို့တွင် ပျက်ကျခဲ့ပြီး မီးလောင်ပေါက်ကွဲခဲ့သည်။ ရဟတ်ယာဉ်အပျက်အစီးကြားမှလူသုံးဦး၏အလောင်းများကို တွေ့ရှိကြောင်း၊ နှစ်ဦးသည် ပတ်ရှိုင်းယားကောင်စီဝင်နှစ်ဦး ဖြစ်ဖွယ်ရှိသည်ဟုပတ်ရှိုင်းယားကောင်စီက ပြောကြားသည်။ ၎င်းတို့သည်ဘေးအန္တရာယ်ဖြစ်စေသည့် ပေါင်းပင်များရှိသော လူအရောက်အပေါက်နည်းသည့် ဒေသများသို့ လေကြောင်းမှ စစ်ဆေးမှုပြုလုပ်ရန်လာကြခြင်းဖြစ်သည်ဟု ဖော်ပြပါကောင်စီ၏ ကြေညာချက်တွင် ပါရှိသည်။

ရဟတ်ယာဉ်ပျက်ကျမှု ကိစ္စအပေါ် ဝေဖန်ပြောကြားရန်အတွက် သတင်းအသေးစိတ် မရရှိသေးဟု သြစတြေးလျ သယ်ယူပို့ဆောင်ရေး လုံခြုံမှုအဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် ရိုးရာဆက်စုဘန်းပွဲတော်တွင် ပါဝင်ဆင်နွှဲနေသည့် ဂျပန်ပျိုဖြူနှစ်ဦးကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံအင်တာနက်)*



## နိုင်ငံတကာ သတင်းများ

# နှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်ရန် အိန္ဒိယလိုလား ပါကစ္စတန်က ကြိုဆိုကြောင်း တုံ့ပြန်ပြောဆို

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၃**

နှစ်နိုင်ငံအကြား ဖြစ်ပေါ်နေသည့် ပြဿနာရပ်များအားလုံးကို လက်တွေ့ကျကျဖြေရှင်းသွားရန် အိန္ဒိယအစိုးရအဖွဲ့က ကတိကဝတ်ပြုသည်ဆိုသော ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ ပြောကြားချက်ကို မိမိတို့အစိုးရအဖွဲ့က ကြိုဆိုကြောင်း ပါကစ္စတန်နိုင်ငံခြားရေးရုံး ပြောရေးဆိုခွင့်ရှိသူ တက်နင်းအက်စ်လမ်က ကြာသပတေးနေ့တွင် ပြောကြားသည်။ အိန္ဒိယဝန်ကြီးချုပ်၏ ပြောကြားချက်သည် အပြုသဘောဆောင်သည့် မှတ်ချက်ပင်ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံစလုံးသည် ကက်ရှ်မီးယားဆိုင်ရာ အငြင်းပွားမှုပြဿနာကို ဖြေရှင်းနိုင်ရန် ရိုးသားဖြောင့်မတ်မှု၊ လိုက်လျောဆောင်ရွက်မှုနှင့် သတ္တိရှိမှုတို့ရှိရန် လိုအပ်ကြောင်း ပါကစ္စတန်ပြောရေးဆိုခွင့်ရှိသူက နိုင်ငံပိုင် ပီတီဗွီရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ အိန္ဒိယဝန်ကြီးချုပ်က နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် ၎င်း၏သဘောထားရပ်တည်ချက်ကို တရားသေကိုင်စွဲထားခြင်းမရှိပုံကို ဖော်ပြနေကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ကက်ရှ်မီးယားပြဿနာအပါအဝင် နှစ်နိုင်ငံတွေ့ကြုံနေရသည့် ပြဿနာများကို ငြိမ်းချမ်းသော နည်းလမ်းဖြင့်ဖြေရှင်းရန် ပါကစ္စတန်နိုင်ငံကလည်း လိုလားကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

# ရှင်ဥပဂုတ္တ မင်္ဂလာကန်ဥယျာဉ်တော်

မောင်ယဉ်မြင်း

၁၉၈၉ ခုနှစ်မှစ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မဟာဗုဒ္ဓဝင်ပြခန်းတည်ဆောက်ခြင်း၊ သိဂ်ုတ္တရဥယျာဉ်တော် တည်ဆောက်စိုက်ပျိုးခြင်း၊ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ခြင်းဟူသော ရွှေတိဂုံစေတီတော်စီမံကိန်း လုပ်ငန်းကြီးသုံးရပ်ကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး ဝန်ကြီးဌာနအသီးသီးနှင့် ပညာရှင်များစွာတို့၏ ပံ့ပိုးကူညီမှု၊ အများပြည်သူတို့၏ လှူဒါန်းမှု စသည်တို့ဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းလုပ်ငန်းကြီးသုံးရပ်နှင့်အတူ ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်းတွင် အများပြည်သူတို့ လွယ်ကူသက်သာစွာ တက်ရောက်နိုင်ရန် စက်လှေကားကြီး ရှစ်စင်းကိုပါ တည်ဆောက်တပ်ဆင်ခဲ့ပါသည်။

၁၉၉၄-၉၅ ခုနှစ်တွင် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးနာယကအဖွဲ့၊ဦးစီးကော်မတီ၊လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့ကို စနစ်တကျဖွဲ့စည်းကာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်တကွ အရံသာသနိက အဆောက်အအုံများစွာတို့အား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၉ ခုနှစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်းနှင့်အတူ လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူခြင်း၊ကြေးဘောင်ကြေးပြားကပ်လှူခြင်းစသည့် ကုသိုလ်တော်လုပ်ငန်းကြီး များစွာကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင်သာမက ရင်ပြင်တော်ပေါ်ရှိ သာသနိက အဆောက်အအုံများကိုလည်း မွမ်းမံပြုပြင်ခဲ့ပါသည်။ ၁၉၉၉ခုနှစ်မှ ၂၀၀၃ခုနှစ်ကာလအတွင်းထီးတော်စေတီတည်ထားပူဇော်ခြင်း၊နောင်တော်ကြီးစေတီ ပြုပြင်မွမ်းမံ ရွှေသင်္ကန်းတော်ကပ်လှူခြင်း၊ အနောက်ဘက်စောင်းတန်းကြီးမွမ်းမံခြင်း၊ ရင်ပြင်တော်ပေါ်ရှိ မြေစိုက်စေတီ၊ ပြာသာဒ်စေတီများ မွမ်းမံခြင်း အစရှိသော ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၉၀ မြင့်သော ကုန်းတော်အထက်တွင်တည်ရှိပြီး ဝတ္တကမြေတစ်ခုလုံး အကျယ်အဝန်းမှာ ၁၁၄ ဧကမျှ ကျယ်ဝန်းသောကြောင့် အဆောက်အအုံ ဆောက်လုပ်ထားခြင်းမရှိသော မြေဧရိယာများစွာ ကျန်ရှိပါသည်။ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီသည် ပြုပြင်မွမ်းမံတည်ဆောက်သော စောင်းတန်းများ၊ ဓာတ်လှေကားများ အနီးအနား၌ ကားရပ်နားကွင်း တည်ဆောက်ခြင်း၊ ပန်းခြံငယ်များ တည်ဆောက်ခြင်းတို့ဖြင့် သာယာလှပတင့်တယ်အောင် တည်ဆောက်စိုက်ပျိုးခဲ့ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးမှ အစပြုကာ ရင်ပြင်တော်ပေါ်ရှိ စေတီပုထိုး ရုပ်ပွားဆင်းတုများ၊ တန်ဆောင်းဇရပ်များနှင့် စောင်းတန်းများကို ဦးစားပေးအဆင့်အလိုက် မွမ်းမံပြုပြင်ခဲ့ပြီးနောက် အလယ်ပစ္စယာ၊ အောက်ပစ္စယာ အပါအဝင် ဝတ္တကမြေတစ်ခုလုံး သာယာလှပရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း၌ ရွှေတိဂုံစေတီတော် အရှေ့ဘက်ရှိ ခေတ္တရာကွင်း၊ ထန်းပင်ကုန်းကွင်း၊ အုန်းပင်ကုန်းကွင်းတို့အား သစ်ပင်ပန်းပင်နှင့် မြက်ခင်းများ စိုက်ပျိုးကာ သာယာလှပအောင် ပြုပြင်မွမ်းမံခဲ့ပါသည်။

ဗုဒ္ဓသာသနာသမိုင်းတွင် အလောင်းတော်မင်းသားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်၊ မြတ်စွာဘုရားသီတင်းသုံးရာ ဝေဠုဝန်ဥယျာဉ်၊ သရက်ဖြူဥယျာဉ်၊ ဇေတဝန်ဥယျာဉ်စသော ဥယျာဉ်တော်များ တည်ရှိခဲ့ရာ မြတ်ဗုဒ္ဓနှင့် ဆက်စပ်သော နေရာဌာနများသို့ ရောက်ရှိတွေ့မြင်ကြရသူများအဖို့ ငြိမ်းချမ်းခြင်း၊ အေးမြခြင်း၊ လုံခြုံခြင်းများ ရရှိခံစားရသကဲ့သို့ မြတ်စွာဘုရားလေးဆူတို့၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်စံပျော်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ရှိရာ သိင်္ဂုတ္တရကုန်းတော်မဟာကိုလည်း ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် သီတင်းသုံးစံတော်မူသော ဥယျာဉ်တော်များကဲ့သို့ ငြိမ်းချမ်းခြင်း၊ အေးမြခြင်း၊ လုံခြုံခြင်းတို့နှင့် ပြည့်စုံသော ဥယျာဉ်တော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ရွှေတိဂုံစေတီတော် အနောက်မြောက်အရပ် အောက်ပစ္စယာရှိ သံပုံချိုင့်မြေနေရာ၌ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်ကြီး တည်ဆောက်စိုက်ပျိုးခဲ့ပါသည်။

သံပုံချိုင့်ဆိုသည်မှာ ဒုတိယကမ္ဘာစစ်အတွင်း၌ ရန်ကုန်မြို့တော်အား လေကြောင်းမှ အကြိမ်ပေါင်းများစွာ ဗုံးကြဲတိုက်ခိုက်ရာ၌ ပျက်စီးဆုံးရှုံးခဲ့ရသော အဆောက်အအုံများ၊ မော်တော်ယာဉ်များ၊ မီးရထားများ၊ သံချပ်ကာကားများ အစရှိသော သံထည်ပစ္စည်းပေါင်းများစွာတို့အား စွန့်ပစ်စုပုံသော ချိုင့်ကြီးဖြစ်သောကြောင့် သံပုံချိုင့်ဟု ခေါ်ကြောင်းသိရပါသည်။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်က ဦးစီးဆောင်ရွက်သော ရွှေတိဂုံစေတီတော်လုပ်ငန်းကြီးသုံးရပ် အကောင်အထည်ဖော်ရာ၌ သိင်္ဂုတ္တရဥယျာဉ်တော်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် သံပုံချိုင့်အနောက်ဘက်အပိုင်း မြေနေရာမှ မြေနိမ့်ရေဝပ်သောနေရာတွင် ရှင်ဥပဂုတ္တကျောင်းဆောင်တော်နှင့် နတ်လမ်းတံတား တည်ဆောက်ခဲ့ပါသည်။ ရှင်ဥပဂုတ္တ ကျောင်းဆောင်တော် ဆောက်လုပ်သော်လည်း ကန်တော်တူးဖော်ခြင်း မရှိခဲ့သဖြင့် မိုးအခါတွင် ရေကန်သဖွယ်ဖြစ်၍ နွေအခါတွင် ရေများခန်းခြောက်ကာ မြက်ခြောက်တောကြီး ဖြစ်နေပါသည်။ ၁၉၉၄ ခုနှစ်တွင် သိင်္ဂုတ္တရ ဥယျာဉ်တော်ကို အဆင့်မြင့်စိုက်ပျိုးရာ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရှင်ဥပဂုတ္တကျောင်းဆောင် တည်ရှိသော ထိုမြေနိမ့်ချိုင့်ဝှမ်း ဧရိယာအား ရေကန်ကြီးအဖြစ် တူးဖော်လှူဒါန်းခဲ့ပါသည်။

၁၉၈၉ ခုနှစ်တွင် သစ်သားထည်များဖြင့် ဆောက်လုပ်ခဲ့သော ရှင်ဥပဂုတ္တကျောင်းဆောင်တော်နှင့် နတ်လမ်းတံတားတို့သည် ၂၀၀၃ ခုနှစ်တွင် ဟောင်းနွမ်းဆွေးမြည့်လာသောကြောင့်လည်းကောင်း၊ ကန်တော်ပတ်ဝန်းကျင် မြေနိမ့်ချိုင့်ဝှမ်းဧရိယာသည် ပိန်းရိုင်းများ၊ ချုံနွယ်များဖုံးအုပ်ကာ အမြင်မတင့်တယ်သောကြောင့်လည်းကောင်း ရွှေတိဂုံစေတီတော်၏ ဂုဏ်ကျက်သရေတော်နှင့် လိုက်လျောညီထွေသော ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန် ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီက ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်နှင့် ပတ်ဝန်းကျင်တွင် ပြုပြင်မွမ်းမံ စိုက်ပျိုးရေးကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။

ရှင်ဥပဂုတ္တမင်္ဂလာကန်တော်နှင့် ပတ်ဝန်းကျင်ဧရိယာ အကျယ်အဝန်းမှာ ၁၂ ဒသမ ၅ ဧကရှိပြီး ရွှံ့နွံထူထပ်သော ချိုင့်များဖြစ်နေသောကြောင့် မြေကျင်းပေါင်းများစွာ ဖို့ခဲ့ရပါသည်။

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစရှိသော ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ အခမဲ့ကုသိုလ်ယူ လှူဒါန်းခဲ့သော မြေတွန်းစက်၊ မြေကော်စက်၊ မြေညှိစက်များဖြင့် လမ်းများ၊ တောင်ကမူငယ်များ၊ ရေတံခွန်စမ်းချောင်းများ ဖြစ်ပေါ်အောင် မြေယာအလှပြုပြင်ခြင်းများ ဆောင်ရွက်ပြီး



ပွင့်တော်မူရာ ဗောဓိပင်များ၊ အရိပ်ရပင်၊ ပန်းအလှပင်နှင့် မြက်ခင်းအလှများ စိုက်ပျိုးကာ မင်္ဂလာကန်တော် ဥယျာဉ်ကြီးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါသည်။

ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်ဥယျာဉ် မွမ်းမံစိုက်ပျိုးသော အလှူတော်လုပ်ငန်းကြီးတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရိပ်အလှူ၊ ပန်းအလှူ ထာဝရပန်းဒါနအနေဖြင့် အများပြည်သူတို့ ပါဝင်လှူဒါန်းနိုင်ရန် ၁-၇-၂၀၀၄ မှ ၃၁-၈-၂၀၀၄ ရက်နေ့အထိ မြောက်ဘက်စောင်းတန်းအနီး၌ အလှူခံဌာန ဖွင့်လှစ်အလှူခံခဲ့ရာ အရိပ်ရပင်ပေါင်း ၅၉၀၈ ပင်၊ ပန်းအလှပင်ပေါင်း ၁၄၇၁၃ ပင်နှင့် ငွေကျပ်သိန်းပေါင်း ၉၀၀ ကျော် အလှူခံရရှိခဲ့ပါသည်။

ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ပတ်ဝန်းကျင်အား စနစ်တကျ ပြုပြင်မွမ်းမံစိုက်ပျိုးနိုင်ရန် (S.P.A/FMI) ကုမ္ပဏီမှ ဒီဇိုင်းရေးဆွဲခြင်း၊ မြေယာအလှပြင်ခြင်း၊ မြက်ခင်းနှင့်အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို အခမဲ့ကုသိုလ်ပြု ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။ ရှင်ဥပဂုတ္တကြေးသွန်းရုပ်ပွားတော်၊ ကွန်ကရစ်ကျောင်းဆောင်တော်၊ ကွန်ကရစ်နတ်လမ်းတံတား၊ ကန်တော်ပြုပြင်ခြင်း၊ ကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ ပန်းခြံပတ်လမ်းဖောက်လုပ်ခြင်း၊ သဘာဝစမ်းချောင်း ရေတံခွန်တည်ဆောက်ခြင်း၊ မုခ်ဦးဆောင် ဆောက်လုပ်ခြင်းတို့ကို မောင်ဝိတ်မိသားစုကုမ္ပဏီမှ ငွေကျပ်သိန်းပေါင်း ၂၇၀၀ ကျော် ကျခံသုံးစွဲကာ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ မြေဖို့ခြင်း၊ မြေယာအလှပြုပြင်ခြင်း၊ အရိပ်ရပင်၊ ပန်းအလှပင်နှင့် မြက်ခင်းများ စိုက်ပျိုးခြင်း၊ လျှပ်စစ်မီးရောင်စုံထွန်းညှိခြင်း၊ ရေပိုက်နှင့်ရေပန်းများ တပ်ဆင်ခြင်း အစရှိသော လုပ်ငန်းရပ်များတွင် အများပြည်သူလှူဒါန်းငွေ ကျပ်သိန်းပေါင်း ၂၅၀၀ ကျော် ကျခံသုံးစွဲခဲ့ပါသည်။

### ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးသော ရှင်ဥပဂုတ္တကျောင်းဆောင်နှင့်ဥယျာဉ်တော်။

ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီ၏ ဦးဆောင်မှု၊ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ မွန်မြတ်ထက်သန်သော သဒ္ဓါတရားတို့ဖြင့် ပေါင်းစုကာ တည်ဆောက်စိုက်ပျိုးသော ဥယျာဉ်ကြီးသည် စေတီတော်မြတ်ကြီးအား အရိပ်အလှူ၊ ပန်းအလှူ ထာဝရဒါနကြီးအဖြစ် ပေါ်ပေါက်ခဲ့ပြီ ဖြစ်ပါသည်။

ရှင်ဥပဂုတ္တမင်္ဂလာကန်တော် ဥယျာဉ်ကြီးကို ယနေ့ (၅-၂-၂၀၀၆)တွင် ရေစက်ချလှူဒါန်းကာ ဖွင့်ပွဲ အခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးကြွရောက်လာကြသော ဘုရားဖူးပြည်သူများအနေဖြင့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဖူးမြော်ကြည်ညိုကာ စိမ်းလန်းစိုပြည် သာယာလှပသော ရှင်ဥပဂုတ္တ မင်္ဂလာကန်တော် ဥယျာဉ်တွင် အနားယူနိုင်ကြမည်ဖြစ်ပေသည်။

မင်္ဂလာကန်တော် ဥယျာဉ်အတွက် အဘက်ဘက်မှ လှူဒါန်းခဲ့ကြသော စေတနာရှင် အလှူရှင် ပညာရှင်အပေါင်းတို့သည် မိမိတို့ လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်အဖို့အစုတို့အား ဝမ်းမြောက်ဝမ်းသာ သာခု အနုမောဒနာ ပြုနိုင်ကြပါစေကုန်သတည်း။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၅-၂-၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ **မိုးကုတ်ဆရာတော်ကြီး၏ တရားတော် -အပေါင်းအသင်းမလွဲပါစေနဲ့**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၁ ၁၁။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ ကျန်းမာသုတ
၁၂း၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မိတ်ဆွေနှစ်ဖော် (အပိုင်း-၂)**
၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၉ ၈။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၉။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ နိုင်ငံတကာသတင်း
၆း၂၀ ၈။ မိုးလေဝသသတင်း
၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း-၈)**
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်။
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ **English Premier League ဘောလုံးပွဲအစီအစဉ် –Chelsea Vs Liverpool°°°(Live)**
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။





ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့ဝင်များ လသာမြို့နယ် အနော်ရထာလမ်း တစ်လျှောက်တွင် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းခင်းကျင်းပြုပြင်မှုလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းခင်းကျင်းပြုပြင်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့သည် ယနေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် စဥ့်အိုးတန်းလမ်းနှင့် လမ်းမတော်လမ်းကြားရှိ အနော်ရထာလမ်းသို့ရောက်ရှိပြီး အနော်ရထာလမ်း တစ်လျှောက် စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်မောက်လမ်းတစ်လျှောက် လမ်းဘေး လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ အသစ်လဲလှယ် ခင်းကျင်းနေမှုနှင့် ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းတစ်လျှောက် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ပါရမီလမ်းအနီး၌ အင်းလျားကန်ရေပြင် အစဉ်သန့်ရှင်းစေရေးအတွက် အမှတ်(၂) အနည်စစ်ကန်တည်ဆောက်နေမှုကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းအား လမ်းသားမြှင့်တင်၍ လေးလမ်းသွားလမ်းအဖြစ် တိုးချဲ့ခင်းကျင်းပြီးစီးမှုအခြေအနေကို လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးအား စက်ယန္တရားဖြင့် လမ်းသားမြှင့်တင်ခင်းကျင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းသည် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့နှင့်အတူ နံနက် ၈နာရီတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့်တော်ဝင်လမ်းဆုံရှိ မင်းဓမ္မပြပွဲပြိုင်ပွဲ ကွင်းအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ခြံစည်းရိုးကြက်ဆူပင်များ ပြုစုပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ကော်မတီပိုင်မြေကွက်၊ မြေလွတ်များ၌ ခြံစည်းရိုးကြက်ဆူပင်ဧကတစ်သောင်း စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိရာ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ကိုင်း ၁၀၈၇၀၀ နှင့် ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၄၂တင်းကျော် ပျိုးအိတ်များဖြင့် ပျိုးထောင်ထားရှိပြီး မင်းဓမ္မပြပွဲပြိုင်ပွဲကွင်းအနီး မြေ ၁၈ဧက၌ ခြံစည်းရိုးကြက်ဆူပင်ကိုင်းနှင့် ပျိုးပင်များ စိုက်ပျိုးထားရှိသည်။

(သတင်းစဉ်)

## ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းသို့ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကင်း ပြည်သာယာရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် ၂၀၀၆ခုနှစ် နှစ်သစ်ဒါနအဖြစ် ကျောက်မြောင်း ဓမ္မစိန္တာလမ်း ညီညွတ်ရေးဆွမ်းလောင်းအသင်း ဓမ္မသဘင်အဖွဲ့က ကျပ်သုံးသိန်း၊ သဃ်န်းကျွန်း သီရိရတနာရိပ်သာ ကိုသက်ခိုင်ဝင်း-မတင်ပပလင်း မိသားစုက (၆)ကြိမ်မြောက် စုပေါင်းအလှူ ကျပ်နှစ်သိန်းလေးသောင်း၊ ကန်တော်ကလေး မန္တလေးလမ်း ဦးဝင်းမြင့်-ဒေါက်တာဒေါ်ယဉ်ယဉ်ကြည်မိသားစုက ကျပ်တစ်သိန်း၊ မိခင်ကြီး ဒေါ်ချစ်ဆွေအားရည်စူး၍ ရွှေဂုံတိုင်တာဝါနေ ဒေါ်ကြည်ကြည်မေက ကျပ်တစ်သိန်း၊ တာမွေနတ်ချောင်း ကွက်သစ်(၃)လမ်းနေ ဦးအောင်သူ-ဒေါ်သက်သက်မိသားစုက ကျပ်တစ်သိန်း၊ ဒဂုံမြို့နယ် ပဒုမ္မာလမ်းနေ ဦးစိုင်းသိန်းမောင်-ဒေါ်ခင်ချစ်အေးက ကျပ်တစ်သိန်း၊ ဓာတ်ရောင်ခြည်ဌာန ဒေါက်တာမျိုးမင်းက ကျပ်လေးသောင်းနှင့် ကလေးအထူးကုပါမောက္ခ ဒေါက်တာယုဇနစောမြင့်က ကျပ်ငါးသောင်းတန်ဖိုးရှိ ဆေးပစ္စည်းတို့ကို လှူဒါန်းကြသည်။ (က-ပ)



**ဖေဖော်ဝါရီ ၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၇) ကျောင်း ကြက်ခြေနီအသင်းတွင်အသုံးပြုရန် ကြက်ခြေနီဆေးသေတ္တာကို ဦးထွန်းအေး-ဒေါ်တင်တင်ဌေး (ဂရိတ် ဘရိတ်ရှူးလုပ်ငန်း မိသားစု)က ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (၃၁၄)

## သာကေတစာပေနှင့်စာနယ်ဇင်း အမှုဆောင်အဖွဲ့သစ်ရွေးချယ်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

သာကေတမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခန်းမတွင် ဇန်နဝါရီ ၂၉ရက်က ကျင်းပရာ ဥက္ကဋ္ဌ သာရဝေါစိုးကြည်၊ ဒုတိယဥက္ကဋ္ဌ မင်းရိုးယဉ်၊ အတွင်းရေးမှူး မော်ဝန်းကြည်မြတ်တို့ ပါဝင်သည့် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဆင်ဖြူကျွန်းအောင်သိန်း (နာယက)နှင့် ဥက္ကဋ္ဌ သာရဝေါစိုးကြည်တို့အား ရွေးချယ်လိုက်သည်။ (၃၁)

## ပုသိမ်မြို့ နိဂြောဓဗျာဒိတ်ပေးဘုရား ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်း ပုသိမ်မြို့၏ ကျက်သရေဆောင် သမိုင်းဝင် ဘုရားတစ်ဆူဖြစ်သော နိဂြောဓဗျာဒိတ်ပေးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၁၅ရက်တွင် အဆိုပါ နိဂြောဓဗျာဒိတ်ပေးဘုရား၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးတင်ဌေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်း၊ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးလှအောင်၊ ဂေါပကအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ နိဂြောဓဗျာဒိတ်ပေးဘုရားအား ပုသိမ်မြို့တွင်းသို့ အပူဇော်ခံ လှည့်လည်ကြသည်။ (သတင်းစဉ်)



**မြောက်ဥက္ကလာပမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ ရက်က မြောက်ဥက္ကလာပမြို့နယ်ခန်းမကြီးအတွင်း၌ ကျင်းပရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။** (က-ပ)

# အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော် ဖေဖော်ဝါရီ ၇ ရက်အထိ တိုးမြှင့်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ကို အမှတ်(၁) စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ စတုတ္ထနေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပသည်။**

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ပစ္စည်းစုစုပေါင်း အမယ် ၃၃၃မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးပွဲတော်လာသူများအား ညစဉ် ၆နာရီမှ ၈နာရီအထိ စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၇ ရက်အထိ ရက်တိုးမြှင့်၍ နေ့စဉ် နံနက် ၁၀နာရီမှ ည ၈နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ရက်တိုးသတ်မှတ်လိုက်သည်။

(သတင်းစဉ်)

# ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူကျင့်သုံး ပြည်သူလူထုအေးချမ်းစွာဝမ်းစာရှာဖွေနိုင်ရန် အလုပ်အကျွေးပြုဆောင်ရွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်အကောင်အထည်ဖော်ရာတွင် ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်





**အမှာစကား ပြောကြား**

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဒုတိယ ရဲအုပ်လောင်း သင်တန်း အမှတ်စဉ် (၅၄/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

ရန်ကုန် ဖေဖော်ဝါရီ ၄

**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်း သင်တန်း အမှတ်စဉ် (၅၄/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း၊ ရဲရေးချုပ် ရဲမှူးချုပ် စိုးဝင်းမြင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာန အောက်မှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

စစ်ရေးပြအခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက် တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် ဝန်ကြီးက အကောင်းဆုံး ကျောင်းသားဆု၊ စစ်ပညာထူးချွန်ဆု၊ ဥပဒေထူးချွန်ဆု၊ သေနတ်ပစ် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေး မူဝါဒ အဖြစ် ခံယူကျင့်သုံးပြီး မှန်မှန် ကန်ကန် ရပ်တည်ဆောင်ရွက်ကြရန်၊ ပြည်သူလူထု အေးချမ်းစွာ ပရိယေသန ဝမ်းစာရှာဖွေနိုင်ရေးအတွက် ပြည်သူကို အလုပ်အကျွေးပြုရင်း ကာကွယ် စောင့်ရှောက်ရန်၊ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရန် အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက် ရေး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး စသည့် ဖွံ့ဖြိုးရေး စီမံကိန်းကြီး သုံးရပ်ကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင်ပြည်သူ လူထုနှင့်အတူ လက်တွဲပြီးပူးပေါင်း ဆောင်ရွက်ရန်၊ အရေးကြုံလျှင် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကိုပါ တပ်မတော်နှင့် လက်တွဲထမ်းဆောင် နိုင်ရေး အသင့်ရှိရန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကျစ်လျစ်ခိုင်မာ သိပ်သည်း အောင် တပ်တွင်းစည်းရုံးရေး လုပ်ငန်း များအပြင် ပြည်သူလူထု ပူးပေါင်း ပါဝင်လာစေရေးအတွက် တပ်ပြင် စည်းရုံးရေးလုပ်ငန်းများကိုပါ အထက် အကြီးအကဲများ၏ မှာကြားချက်နှင့် အညီ ဆောင်ရွက်သွားရန်၊ သတင်း နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ ရပ်များ တိုးတက်လျက်ရှိသည်နှင့် အမျှ ခေတ်၏တိုးတက်မှုကို အမီ လိုက်ပြီး ကျော်လွှားနိုင်မည့်နည်း ပညာအမြင်ရှိရန်၊ အုပ်ချုပ်ရေး တံတိုင်း၊ စည်းရုံးရေးတံတိုင်း၊ ဖွံ့ဖြိုး ရေးတံတိုင်း စသည့် တံတိုင်းကြီး သုံးရပ် တည်ဆောက်မှုကို တက်ကြွစွာ ထမ်းဆောင်ကြရန်၊ အလုပ်သင် အရာရှိငယ်ဘဝမှစ၍ ဖြောင့်မတ် ဖြူစင်သောစိတ်၊ ကောင်းမြတ်သော အကျင့်စာရိတ္တ၊ သန့်ရှင်းသောကိုယ်ကျင့် တရားကိုမွေးမြူ၍ နိုင်ငံနှင့်လူမျိုး အပေါ် ထာဝရသစ္စာ စောင့်သိပြီး တပ်ဖွဲ့ဂုဏ်ရောင် ထွန်းပြောင်အောင် ရပ်တည် ဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်း သား ၂၀၆ဦး တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

## မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မန္တလေးမြို့တော် စည်ပင်သာယာ ရေး ကော်မတီဥက္ကဋ္ဌ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် နှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့် အတူ ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁နာရီတွင် မဟာအောင်မြေမြို့နယ် ရှိ မဏိရတနာရာမပြတောင်တိုက် သာသနာပါလ ရွှေဝါဝင်းကျောင်း၌ သီတင်းသုံးတော်မူသော မန္တလေး တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

**လျှောက်ထား**

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက် ရှိကြပြီးနောက် ဇယမေဒနီဝါဆို ကျောင်း၌ သီတင်းသုံးတော်မူသော နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမ ရွှေကျင် သာသနာပိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌ ဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ အဂ္ဂိယ မဟာထေရ် အား ဖူးမြော်ကြည်ညိုကာ မြို့တော်ဝန် နှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ထို့နောက် မြို့တော်ဝန်က သာသနာရေးဆိုင်ရာ များ လျှောက်ထားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်ရှိ ဘုံပျံတောရ စက်တော် ရာတိုက် ပညာရတနာ ပရိယတ္တိ စာသင်ကျောင်းသို့ သွားရောက်ကာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပညာစက္ကအား ဖူးမြော်၍ သက်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။

ထို့နောက် မြို့တော်ဝန်နှင့် ဇနီး၊ တာဝန်ရှိသူများသည် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး ခွဲစိတ်ရုံ(၃)၌ တက်ရောက်ဆေးဝါး ကုသမှုခံယူနေသော ချမ်းအေးသာစံ မြို့နယ် နယူးစီဗွိလိုင်းရပ် မဟာဝိဇိ တာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုး တော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ဆရာတော်အား ဖူးမြော်ကြည်ညို၍ ကျန်းမာရေး အခြေအနေများ မေးမြန်းလျှောက် ထားပြီးနောက် မြို့တော်ဝန်နှင့် ဇနီး တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် မြို့တော်ဝန်သည် ချမ်းအေးသာစံမြို့နယ် ပတ်ကုန်း ဝန်းကျင်ရပ်ကွက် ဗထူးအားကစား ပြိုင်ကွင်းအနီး ၂၉လမ်းအား လမ်း ၇၀မှ ၇၁လမ်းအတွင်း အရှည်ပေ ၆၅၀၊ အကျယ် ၂၄ပေ ကတ္တရာလမ်း တိုးချဲ့ခင်းခြင်း လုပ်ငန်းခွင်အတွင်း အခြေခံကျောက်လွှာ ခင်းကျင်းဆောင် ရွက်နေမှု၊ လမ်းဘေး ရေနုတ်မြောင်း တူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

**ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းပိုင် ဝန်ပြည့် တန်ချိန် ၁၃၀၀၀ ဘက်စုံသုံးကုန်တင်ရေယာဉ် "မန္တလေး" အား လွန်းတင်နေသည်ကို တွေ့ရစဉ်။** (ပို့ဆောင်ရေး)



## မန္တလေးသင်္ဘော မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် လွန်းတင်ပြင်ဆင် ပို့ဆောင်ရေးဒုတိယဝန်ကြီး ဦးဖေသန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

**ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ယမန်နေ့တွင် မြန်မာ့ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် အလျား ၁၄၉မီတာ၊ အနံ ၂၂ ဒသမ ၄ မီတာ၊ ရေစူး ၈ မီတာနှင့် ဝန်ပြည့်တန်ချိန် ၁၃၀၀၀ အရွယ်ရှိ ဘက်စုံသုံး ကုန်တင်ရေယာဉ် "မန္တလေး"အား တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း၌ ပထမဆုံးအကြိမ် လွန်းတင်ပေး နိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။ ယခင်က မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် နိုင်ငံခြားသွား ကုန်တင်ရေယာဉ် များမှာ နိုင်ငံခြားလွန်းကျင်းများ၌ လွန်းတင်ပြင်ဆင်မှုများကိုဆောင်ရွက်ရပြီး ယခုအကြိမ်သည် မြန်မာနိုင်ငံ တွင်း၌ပင် ပထမဆုံးအကြိမ် လွန်းတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ သင်္ဘောကျင်းလုပ်ငန်းတွင် ယခင်က တန်ချိန် ၁၇၀၀ အရွယ် ရေယာဉ်များ လွန်းတင်ပြင်ဆင်ပေးနိုင်ခဲ့ရာမှ နိုင်ငံ တော်အကြီးအကဲ၏ လမ်းညွှန်ချက် အရ တန်ချိန် ၁၂၀၀၀ အရွယ် ရေယာဉ်ကြီးများ လွန်းတင်ပြင်ဆင် နိုင်ရန် အလျား ၁၆၈မီတာ၊ အနံ ၂၈မီတာ၊ စောက် ကိုးမီတာ အရွယ် တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘော ကျင်းတစ်ခုတည်ဆောက်ခဲ့ရာ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးခဲ့သည်။ ယင်းတန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘော ကျင်းတည်ဆောက်ပြီးသည့်အချိန်မှ စ၍ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် အတွင်း တန်ချိန် ၃၃၀၀အရွယ် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ပိုင် ရေယာဉ်နှစ်စင်း အပါအဝင် ရေယာဉ်ခုနစ်စင်းကို လွန်းတင် ပြင်ဆင်ပေးနိုင်ခဲ့သည်။

ယခင်က နိုင်ငံခြားလွန်းကျင်း များ၌ လွန်းတင်ပြင်ဆင်ရာတွင် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ငါးသိန်းခန့်ရှိရာ ပြည်တွင်း၌ လွန်းတင်ပြင်ဆင်ခြင်းဖြင့် ကုန်ကျ စရိတ်၏ ၆၀ရာခိုင်နှုန်းခန့် နိုင်ငံခြား ငွေ သက်သာစေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့သင်္ဘောကျင်း လုပ်ငန်း သည် ရေယာဉ် တည်ဆောက်ခြင်း လုပ်ငန်းတွင် စင်ကာပူသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒို နီးရှားနိုင်ငံတို့မှ အပ်နှံခဲ့သည့် ရေယာဉ်များကို အပြည်ပြည်ဆိုင်ရာ ရေယာဉ်စစ်ဆေးရေး အဖွဲ့အစည်း များဖြစ်သည့် Lloyd's Register of Shipping နှင့် American Bureau of Shipping တို့၏ စစ်ဆေးမှုဖြင့် ရေယာဉ် ၂၂စင်းအား တည်ဆောက်ပေးနိုင်ခဲ့၍ မြန်မာ့ သင်္ဘောကျင်း လုပ်ငန်းအနေဖြင့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း မှ ရေယာဉ်များအပြင် ပြည်တွင်း၊ ပြည်ပ ရေယာဉ်ကြီးများပြုပြင်ရေး၊ အသစ် တည်ဆောက်ရေးတို့ကို တိုးချဲ့စီမံဆောင်ရွက်သွားရန် ဒုတိယ ဝန်ကြီးက မှာကြားခဲ့သည်။

(သတင်းစဉ်)

● **ပဲခူးတပ်နယ်မှ**

ဧကေါ်းသိန်းစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ သတ်မှတ်ဧက ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်း စိုက်ပျိုးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတပ်နယ်မှူး ဗိုလ်မှူးချုပ်သန့်ဆွေက ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးမြို့နယ် မန်နေဂျာ ဦးသန်းဦးက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာနှင့် အသုံးဝင်ပုံကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ထည့်သွင်းပျိုးထောင်**

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် နယ်မြေခံတပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စစ်သည်မိသားစုဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များ ဝေငှပေးကြပြီး ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူဆီဖြင့် မီးစက်ကိုမောင်းနှင်၍ ရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် ကွန်ပျူတာအသုံးပြု ပြသမှုကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာပေးပြခန်းကိုလည်းကောင်း၊ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများက စုဆောင်းပျိုးထောင်ထားရှိသည့် ခြံစည်းရိုးကြက်ဆူပျိုးပင်နှင့် မျိုးကိုင်းများကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်မောင်းနှင်ပြသမှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် တပ်နယ်ခြံစည်းရိုးကြက်ဆူပင် စံပြစိုက်ကွက်၌ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြပြီး တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၂၀၀၀ ကျော် စုပေါင်းစိုက်ပျိုးမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

* **ကြွေရည်စိမ်မှ**

စတီးလ်ဇွန်းနှင့် ခက်ရင်းထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် အရောင်တင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖြတ်စက်ဌာနသို့ ရောက်ရှိပြီး အရွယ်အစားအလိုက် စတီးလ်ပြားများအား ဖြတ်တောက်ခြင်း လုပ်ငန်းများအားလည်းကောင်း၊ ကုန်ကြမ်းဌာနရှိ ကုန်ပစ္စည်းများ သိုလှောင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံမြေကွက်လပ်များ၌သီးနှံပင်များစိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ခြံစည်းရိုးကြက်ဆူပင်များအားညွှန်ကြားချက်များနှင့်အညီ တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး၊ အရိပ်ရ ကြီးမြန်သစ်ပင်များ စက်ရုံဝန်းကျင်၌ စိုက်ပျိုးသွားရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကြွေမီးဖိုနှင့် အလှဆင်ဌာနသို့ လည်းကောင်း၊ ကွန်ပျူတာဖြင့် ပန်းဒီဇိုင်းများထုတ်ဖော်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ချေးချွတ်ဌာနသို့ လည်းကောင်း၊ ကုန်ချောထုပ်ပိုးရေးနှင့် သိုလှောင်ရုံသို့လည်းကောင်း၊ စတီးလ်အရောင်တင်ဌာနသို့ လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများကို တွေ့ဆုံရာ မြန်မာ့အထွေထွေနှင့် ပူပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က စီမံကိန်း အကောင်အထည်ဖော်ရာ တည်နေရာနှင့်အကျယ်အဝန်း၊ ရည်ရွယ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှု၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှု၊ တပ်ဆင်စက်စွမ်းအားများ၊ စွမ်းအင်၊ လျှပ်စစ်နှင့် ရေလိုအပ်ချက်၊ အဓိက စက်ပစ္စည်းများရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်မှုများကို ဓာတ်ပုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဤစက်ရုံသည် မြန်မာပြည်တွင် သွင်းကုန်အစားထိုး စတီးလ်အိမ်သုံးပစ္စည်းကို ပထမဦးဆုံး ထုတ်လုပ်သည့် စက်ရုံဖြစ်ပြီး ကျေးလက်ဒေသ ပြည်သူများအနေဖြင့် စားသောက်ရေး ပစ္စည်းများကို အဆင့်အတန်းရှိပြီး ချိုသာသောဈေးနှုန်းဖြင့် ကြာရှည်ခိုင်ခံ့သည့်ပစ္စည်းများကို သုံးစွဲနိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ စတီးလ်အိမ်သုံး ပစ္စည်းများအား အမယ်စုံ ထုတ်လုပ်ဖြန့်ဖြူးသွားရေး ကြိုးပမ်းသွားရန် မှာကြားသည်။

မြန်မာ့အထွေထွေနှင့် ပူပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသည့် ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်း စက်ရုံစီမံကိန်း(မင်းစု)ကို မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ ရွှေဂူကြီးဘုရားအနီးရှိ မြေဧရိယာ ၂၆ ဒသမ ၄၂ ဧက၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

**လက်ဆောင်ပေး**

ထို့နောက် ဝန်ကြီးသည် စက်ရုံတည်ဆောက်ရာ၌ ကူညီပံ့ပိုးခဲ့ကြသော နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်းများ လက်ဆောင်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပူပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှတီထွင်ထုတ်လုပ်ထားသည့် ကျားစီး၊ မစီး စက်ဘီးများနှင့် ကလေးစီး စက်ဘီးများကို ကြည့်ရှု၍ ဝန်ကြီးက အများနှစ်ခြိုက်မည့် စက်ဘီးများအား ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ တိုးတက်ထုတ်လုပ်ဖြန့်ဖြူးသွားရေး မှာကြားသည်။

ထို့နောက်ဝန်ကြီးသည်ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာသို့ရောက်ရှိပြီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ အကောင်အထည်ဖော်လျက်ရှိသော ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စက်ရုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များ တပ်ဆင်ခြင်းလုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရေး၊ စက်ရုံဝန်းကျင်ရှိ မြေလွတ်မြေလပ်များ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးသွားရေး မှာကြားပြီး စက်ရုံဝင်းအတွင်းရှိ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာနရှိ မြို့ပြဆိုင်ရာ တည်ဆောက် ပြီးစီးမှုလုပ်ငန်းများကိုလည်းကောင်း၊ ပြည်ပမှရောက်ရှိလာသော စက်ပစ္စည်းသေတ္တာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



# တကောင်းမြို့ လေးမျက်နှာဘုရားကြီး ရွှေထီးတော် တင်လှူပူဇော်ခြင်း အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၄

**ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၁ ရက်တွင် မန္တလေးမြို့မှ တကောင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် တကောင်းမြို့သို့ရောက်ရှိပြီး ညအိပ်ရပ်နားသည်။**

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီတွင် တကောင်းမြို့၌ ကျင်းပသော တကောင်းမြို့ဟောင်း ယဉ်ကျေးမှုနယ်မြေ မှခ်ဦးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးသည် တကောင်းမြို့အဝင် သဲကျောက်ဖြင့် တည်ဆောက်ထားသောမုခ်ဦးကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးမှ ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)ဦးဘုန်းကျော်က မုခ်ဦးဗိသုကာလက်ရာများကိုရှင်းလင်းတင်ပြသည်။ အဆိုပါ မုခ်ဦးကြီးသည် အာဒိစ္စဝံသ နေမျိုးနေနွယ်ဖြစ်သည့် အဘိရာဇာမင်းကြီး၏ အထိမ်းအမှတ် ဥဿျောင်ပုံ၊ တက်နေဝန်းပုံ၊ အဋ္ဌမင်္ဂလာဖြစ်သော သီရိဝစ္ဆပုံ၊ ဘဒ္ဒပီဌပုံ၊ စကြာပုံ၊ မီးတောက် မီးလျှံပုံ၊ ငါးနှစ်ကောင်ပုံ၊ ကြာပွင့်ပုံ၊ ရေပြည့်အိုးပုံ၊ ထီးဖြူပုံ၊ ဒွါရပါလပုံ၊ အောက်ခြေ၌ တကောင်း၏ အမည်တစ်မျိုးဖြစ်သော ဟတ္ထိပူရဆင်များ ပျော်မွေ့သည့်နေရာ အထိမ်းအမှတ် ဆင်များ ပုံသဏ္ဌာန်ကို ကျောက်ဆစ် ပန်းပုလက်ရာများဖြင့် ခြယ်မှုန်း တန်ဆာဆင်ထားခြင်းဖြစ်သည်။

ထို့နောက် ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်၊ ညွှန်ကြားရေးမှူး ဦးဝေလွင်နှင့် တကောင်းမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးဝင်းတို့က မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က မုခ်ဦးစာတန်းကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ ထို့နောက် နံနက် ၉ နာရီတွင် တကောင်းမြို့ လေးမျက်နှာဘုရားကြီး ယာယီမဏ္ဍပ်၌ ဘုရားကြီးအတွက် အများပြည်သူများ လှူဒါန်းသော အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဝန်ကြီး တက်ရောက်၍ အလှူငွေများလက်ခံသည်။

ဝန်ကြီးသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အတူ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီးအထက်ဌာပနာတော်သွင်းလှူ ပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍အခမ်းအနားကိုဖွင့်လှစ်သည်။ထို့နောက် သာသနာရေးဝန်ကြီးဌာနသာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အကြံပေးအရာရှိ ဦးမင်းကြည်က နတ်ပင့်ဂါထာ ဖတ်ကြားသည်။ ထို့နောက် ပရိသတ်များက သံဃာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ဖြင့် စတုမုခ စေတီမင်္ဂလာ လေးမျက်နှာဘုရားကြီး စေတီတော်ရင်ပြင်၌ အန္တရာယ်ကင်း ပက်ဖျန်းချည်နှောင်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က သာသနာရေးဆိုင်ရာများကို လှူဒါန်းထားသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး စေတီတော်တည်ထားပူဇော်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အကြံပေးအရာရှိ ဦးမင်းကြည် (မွှာစရိယ၊ ဘီအေ) သီကုံး ရေးသားသော လူးတားညှပ်ထပ်ကွန့် ရှစ်ဆယ်ပေါ် တေးထပ်ကို လူမှုထုံးချွန် ပထမဆင့် အဆိုတော် ဦးထွန်းရွှေက ဖတ်ကြား သီကျူးပူဇော်သည်။

ယင်းနောက်ရှေးဟောင်းလေးမျက်နှာဘုရားကြီး စေတီတော်အား လှူဒါန်းသော စိန်ဖူးတော်နှင့် ရွှေထီးတော်၊ ဌာပနာတော်များကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် အမှူးရှိသော ဘုရားဒါယကာများက သံဃာတော်များထံ ဆက်ကပ်၍ လှူဖွယ်ပစ္စည်းများကိုပါ လှူဒါန်းဆက်ကပ်သည်။

ထို့နောက် အကြံပေးအရာရှိဦးမင်းကြည်က သမ္မာဒေဝနတ်များထံ တောင်းပန်လွှာစာတမ်း ဖတ်ကြားပြီး ဆရာတော် အရှင်သူမြတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ယင်းနောက် ဌာပနာတော်များ သွင်းလှူခြင်း အခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမှူးရှိသော ဘုရားဒါယကာများက ဌာပနာများ သွင်းလှူပူဇော်သည်။

ထို့နောက် ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဦးဆောင်ဘုရားဒါယကာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမှူးရှိသော ဘုရားဒါယကာများက စိန်ဖူးတော်နှင့် ရွှေထီးတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြပြီး သံဃာတော်များ ဦးဆောင်၍ ဇယမင်္ဂလာဗောဓိယာ အောင်ဂါထာတို့ကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန အကြံပေးအရာရှိ ဦးမင်းကြည်က အမျှဝေစာတမ်းဖတ်ကြားသည်။

ထို့နောက် ရွှေထီးတော် တင်လှူပူဇော်ပွဲ အောင်မြင်သည့် အထိမ်းအမှတ် ရတနာရွှေမိုး ငွေမိုးများ သွန်းဖြိုးသည်။

ထို့နောက် လေးမျက်နှာဘုရားကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ သံဃာတော် အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေကအနေကဇာတင် ဆောင်ရွက်တော်မူကြသည်။ ယင်းနောက် အနုပညာဦးစီးဌာနမှ ဦးကျော်ဆွေက ကေပိုဒ်မင်္ဂလာရတုကို ဖတ်ကြား၍ လူမှုထုံးချွန်ပထမဆင့် အဆိုတော် ဦးထွန်းရွှေက မှတ်တမ်းတင် မင်္ဂလာရတုကို ဖတ်ကြားသီကျူးပူဇော်သည်။

ထို့နောက် အကြံပေးအရာရှိ ဦးမင်းကြည်က နတ်ပို့ဂါထာကို ဖတ်ကြားသည်။ ယင်းနောက် ပရိသတ်များအား ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရှေးဟောင်းလေးမျက်နှာဘုရားကြီး စေတီတော်ဌာပနာတော်သွင်းလှူပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၈နာရီတွင် သပိတ်ကျင်းမြို့နယ် ဝါးရုံကုန်းကျေးရွာ၌ ကျင်းပသော နောင်တော်ကြီးစေတီ၊ ထီးတော်ရေစက်ချခြင်းနှင့် ထီးတော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နောင်တော်ကြီးစေတီတော် ထီးတော်တင်ရေစက်ချခြင်းနှင့် ထီးတော်တင် မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပြီး ထီးတော်အား တင်လှူသည်။ ထို့နောက် လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။ ယင်းနောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

ထို့နောက် ဝန်ကြီးသည် ဇနီး၊ မိသားစုများနှင့် အတူနောင်တော်ကြီးစေတီ လိုဏ်အတွင်းရှိ နဂါးရုံဆင်းတုတော်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဝန်ကြီးသည် ဆက်လက်ထွက်ခွာလာရာ မန္တလေးမြို့သို့ ရောက်ရှိပြီး မန္တလေးမြို့၌ ယဉ်ကျေးမှုဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

## အင်ကြင်းပင် စိုက်ပျိုးပေး

**တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီးတွင် စစ်ကိုင်းတောင်ရိုး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဘဒ္ဒန္တ ဒေါက်တာ အရှင်ဉာဏိဿရ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်တို့ အင်ကြင်းပင်ကို စိုက်ပျိုးပေးကြစဉ်။** (သတင်းစဉ်)

## မင်္ဂလာဒုံ ဓမ္မသီဂိ ပျော်ဘွယ် ဗုဒ္ဓပူဇနိယနှင့် ပဋ္ဌာန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်စံပြကျေးရွာ ဓမ္မသီဂိ ပျော်ဘွယ် ပဋိပတ္တိသာသနာ့ ရိပ်သာ၌ ဝိဇယရံသီ အဓိဋ္ဌာန်အောင်စေတီ ဗုဒ္ဓပူဇနိယပွဲ၊ ရတနာသီဂိသိမ်ကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဒုတိယအကြိမ်မြောက် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ရက်အထိ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓရံသီအား ဦးထိပ်ထားလျက် ကျင်းပမည်ဖြစ်သည်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၅-၂-၂၀၀၆ (တနင်္ဂနွေနေ့)

### ၁၃၆၇ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက် (ဥပုသ်နေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်နွေးနွေး" (အပိုင်း-၂၉)**
၁၂:၁၀ ၅။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"**
၁၂:၃၅ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း "မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း" (ရုပ်မြင်သံကြား ဝန်ထမ်းများ) [ဒါရိုက်တာ-မျိုးအေး]**
၁:၃၅ ၇။ အတီးပြိုင်ပွဲ
၁:၅၀ ၈။ ဆက်သွယ်ဆင့်ပွားကျွန်းတောတံတား
၂:၀၀ ၉။ အကပြိုင်ပွဲ
၂:၁၅ ၁၀။ **"အန္တရာယ်ကင်းစေ ဘေးရှင်းစေ" (လူမင်း၊ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)**
၂:၄၀ ၁၁။ အရေးပြိုင်ပွဲ
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀ ၅။ **"ကောင်းခြင်းဝေဖြာ" (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊မင်းသူ မြင့်မြင့်ခိုင်၊ခင်မို့မို့အေး၊ ချစ်စန်းဦး) (ဒါရိုက်တာ-ကိုအောင်မိုး၊ပဲရစ်)**
၅:၁၀ ၆။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၃၀ ၈။ မိုးလေဝသအခြေအနေ
၆:၃၅ ၉။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၆:၄၅ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အသည်းနှလုံးနဲ့လူသား" (အပိုင်း-၈)**
၇:၅၀ ၁၁။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း-၁၂)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၂၀)**
၁၆။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

# ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း ရွှေတောင်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲ တက်ရောက်

ရန်ကုန်　　ဖေဖော်ဝါရီ　　၄

**ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ခြံစည်းရိုး ကြက်ဆူပင်ပျိုးထောင်ပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက် ၈နာရီတွင် ရွှေတောင်မြို့နယ် ပျိုးခြံ၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်က ရွှေတောင်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက မြို့နယ်အတွင်း ကြက်ဆူပင် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်မှူးချုပ်လှမင်းသည် လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူတို့အား ကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့ထုပ်များကို ပေးအပ်ပြီးနောက် ပျိုးအိတ်များအတွင်း စပေါင်းပျိုးထောင်ပေးသည်။ ရွှေတောင်မြို့နယ်အနေဖြင့် ယခုနှစ်အတွင်း ခြံစည်းရိုး ကြက်ဆူပင် ဧက ၁၈၀၀စိုက်ပျိုးသွားမည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်မှူးချုပ်လှမင်းသည် ရွှေတောင်မြို့နယ် ရွှေတောင်ဆည်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ယခုနှစ်နွေစပါးစိုက်ပျိုးမည့် အစီအစဉ်များနှင့် ရွှေတောင်ဆည်မှ နွေစပါးစိုက်ပျိုးရေ ပေးဝေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးချုပ်လှမင်းက လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ရွှေတောင်မြို့နယ်အနေဖြင့် ယခုနှစ် နွေစပါးဧက ၅၁၆၀ စိုက်ပျိုးသွားမည် ဖြစ်သည်။　　(သတင်းစဉ်)



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်း ယုဇနကွန်ဒိုမီနီယံ အိမ်ရာနေ ဒေါ်မြမြအုန်း၏ နှစ်(၅၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဂယာ မြန်မာစာသင်သား ရဟန်းတော်များ ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၅၀ နှင့် ရန်ကုန် နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် ၁၅သိန်းကို ဖေဖော်ဝါရီ ၁ရက်က လှူဒါန်းရာ ကျောင်းဆောက်လုပ်ရေး အကျိုးဆောင် အဖွဲ့ဝင် ဒေါ်မြရှင် လက်ခံစဉ်။**
(၂၃)





## မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန်　　ဖေဖော်ဝါရီ　　၄

**မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး အကြိုစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်(Myanmar Info-Tech) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ၊ အသင်းဝင်များနှင့် မျိုးဆက်သစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။**

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယက အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာတမ်းဖတ်ပွဲများကို မြန်မာအင်ဖိုတက် အဆောက်အအုံရှိ အစည်းအဝေးခန်းမ၊ အခန်းနံပါတ် ၁၀၂နှင့် ၂၀၅တို့၌ သုံးနေရာခွဲ၍ တစ်ပြိုင်တည်းကျင်းပရာ လေကြောင်းအင်ဂျင်နီယာ၊ ဗိသုကာ၊ မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ သတ္တုတူးဖော်ရေး အင်ဂျင်နီယာ၊ ရေနံအင်ဂျင်နီယာ၊ ချည်မျှင်အင်ဂျင်နီယာ၊ ရေကြောင်း အင်ဂျင်နီယာ စသည့် ပညာရပ်ဆိုင်ရာများနှင့် အင်ဂျင်နီယာဆိုင်ရာ ရှုထောင့်မှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စာတမ်းရှင် ၃၉ဦးတို့က စာတမ်းပေါင်း ၃၉ စောင်တို့ကို အသီးသီး ဖတ်ကြားဆွေးနွေး တင်ပြကြသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး အကြိုစာတမ်းဖတ်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းနာယက အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။**
(သတင်းစဉ်)

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို အကြံပြုမေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက သက်ဆိုင်ရာ ပညာရပ်ဆိုင်ရာအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ညနေပိုင်းတွင် စာတမ်းဖတ်ပွဲကို ရပ်နားလိုက်သည်။

အဆိုပါ စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၅ရက်မွန်းလွဲပိုင်းတွင် မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။　　(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၅-၂-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | သမ္ဗုဒ္ဓေစေတီနှင့် ကျောက္ကာရွှေဂူနီ |
| ၇:၁၅ | တေးဂီတအစီအစဉ် |
| ၇:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၃၀ | ပြည်တွင်းရိက္ခာဖူလုံစေရာ မြေလွတ်များမှာ ငါးမွေးပါ |
| ၇:၄၅ | တေးဂီတအစီအစဉ် |
| ၇:၅၀ | Sunday Talk |
| ၈:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၅၀ | တေးဂီတအစီအစဉ် |
| ၈:၅၅ | ရွှေစက်တော်ဘေးမဲ့တော |
| ၉:၀၀ | တေးဂီတအစီအစဉ် |
| ၉:၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၁၀ | ဝါသနာရှင်စင်မြင့် (ဥက္ကာမင်းမောင်၊ မေခလာ) |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | ပန်းလှိုင်ဆေးရုံ |
| ၁၀:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၂၅ | Myanmar Video Rhythm |
| ၁၁:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၁၀ | စပါး(၁) ရိတ်သိမ်းခြွေလှေ့စက် |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | ဆီးချို၊ သွေးချိုရောဂါ အကြောင်းဟောပြောချက် အပိုင်း(၁) |
| ၁၁:၄၀ | တေးဂီတအစီအစဉ် |
| ၁၁:၄၅ | ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင် |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

English Premier League
**ဘောလုံးပွဲစဉ်များ**

**ညပိုင်း အစီအစဉ်**

| | |
|---|---|
| ၇:၃၀ | ပွဲကြိုသုံးသပ်ချက် |
| **လိုင်း** | 5-Sports (Live) |
| ၇:၅၅ | Tottenham - Charlton |
| **လိုင်း** | 5-Sports (Live) |
| ၁၀:၂၅ | Chelsea - Liverpool |
| **လိုင်း** | 5-Sports (Live) |
| ၂:၃၀ | Final Score |
| **လိုင်း** | 5-Sports (Live) |

**Series - A ဘောလုံးပွဲစဉ်များ**

**ညပိုင်း အစီအစဉ်**

| | |
|---|---|
| ၈:၃၀ | Juventus - Udinese |
| **လိုင်း** | 5-Movies (Live) |



**သာယာဝတီမြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ရက်က စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ကျွန်းတောကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယကဗိုလ်မှူးချုပ်အေးစံ(ငြိမ်း)က စီမံထူးချွန် ဒုတိယဆင့်ချီးမြှင့်ခံရသော ဦးထွန်းကြည်[ညွှန်ကြားရေးမှူးတရားရုံးချုပ်(ရန်ကုန်)]အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာ ပေးအပ်ချီးမြှင့်စဉ်။**
(က-ပ)

## ဒလမြို့နယ်စာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဒလမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးနှင့် အလှူငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက်က သီရိဖေယျာနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း (ဗဟို) တွဲဖက် အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရာ ဥက္ကဋ္ဌ ဦးဝင်းကိုကို (အောင်မင်း-ဒလ)၊ အတွင်းရေးမှူး ဦးငွေထွန်း(ဦးယဉ်ထွန်း-စာရင်းအင်း)တို့ ပါဝင်သော အမှုဆောင်အဖွဲ့ကို ရွေးချယ်သည်။
(၅၇)

## လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၄**

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် (၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၈၂)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၁၂ရက်မှ ၂၀ရက်အထိဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

## တွံတေးမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန်　　ဖေဖော်ဝါရီ　　၄**

တွံတေးမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားလမ်း တောင်ဘက်မုခ် မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းသားများ၏ သားသမီးများမှ ၂၀၀၃-၂၀၀၄၊ ၂၀၀၄-၂၀၀၅ခုနှစ်များတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ နိုင်ငံတော်အဆင့် စာပေ၊ အားကစား၊ ဂီတ၊ သဘင်တို့တွင် ပထမ၊ ဒုတိယ၊ တတိယရသူများနှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းသားများ၏ မိဘများ၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၁၅ရက်နောက်ဆုံးထား၍ ဒေါ်သင်းသင်းဖုန်း-၅၆၅၈၈၀၊ ဦးလှသိန်း ဖုန်း-၅၇၈၆၇၁၊ဦးချစ်လှိုင် ဖုန်း-၂၉၃၀၆၃၊ ဦးစန်းလွင် ဖုန်း-၂၂၅၂၂၇၊ ဒေါ်ကြင်ကြင် ဖုန်း-၂၀၀၁၁၂၊ ဦးမောင်မောင်အေး ဖုန်း-၃၈၄၂၇၀နှင့် ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၃၉၁၂၀၂ နှင့် အမှုဆောင်များထံ စာရင်းပေးပို့ကြရမည်ဖြစ်သည်။　　(က-ပ)

## ထူးခြားသည့် ညအပူချိန်များ

**(၄-၂-၂၀၀၆)**

**ဟားခါး၊**
**ပင်လောင်းနှင့်**
**နမ့်စန်**
၄ ဒီဂရီစင်တီဂရိတ်



**တာမွေမြို့နယ် နတ်ချောင်းရပ် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ မိဘဆရာ ကျောင်းသားစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ကောင်းဟိန်းခန်းမတွင်ကျင်းပရာ ထူးချွန်ဆုပထမရရှိသော မောင်ကျော်စိုးပိုင်နှင့် မောင်အောင်မင်းသူတို့အား ဆုများနှင့် အတူတွေ့ရစဉ်။**
(ပညာရေး)

## ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆

အချိန် - နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

( မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည် )

## ၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

❒ စာမျက်နှာ ၃ မှ

ထို့ကြောင့် ကျေးလက်ဒေသ မိသားစုဝင်ငွေတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ထိထိရောက်ရောက် အကျိုးသက်ရောက်နိုင်သည့် ကြက်ဆူရိုင်းစိုက်ပျိုးရေးလုပ်ငန်းကို ရည်မှန်းချက်ကေများရရှိလာသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။ ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင် စုစုပေါင်းအင်အား ၅၀၀၀ ကျော်နှင့် အတူ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့ပျိုးပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က စဉ့်ကူးမြို့နယ်နှင့် ရပ်ကွက်နှင့် ကျေးရွာများတွင် စိုက်ပျိုးနိုင်ရန်အတွက် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများကို မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများက ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းပျိုးထောင်နေမှုကိုလည်းကောင်း၊ ပဲခြွေစက်၊ ထော်လာဂျီနှင့် ထွန်စက်ကြီးများက ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် လက်တွေ့မောင်းနှင်၊ ခြွေလှေ့မှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စဉ့်ကူးမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ခံတက်ပင်စိုက်ကွင်း၌ ခြံစည်းရိုးကြက်ဆူကေ ၁၀၀အတွက် ပျိုးကိုင်း ၁၂၀၀၀၀ ပျိုးထောင် အောင်မြင်နေမှုကိုလည်းကောင်း၊ သစ်တောဦးစီးဌာန၏ ခံတက်ပင်စိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူ (အစေ့ကြားမျိုး) နှစ်ဧက တစ်အုပ်တစ်မအောင်မြင်ဖြစ်ထွန်း သီးပွင့်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ စဉ့်ကူးမြို့နယ်အတွင်း ယခင်ကပင် ကြက်ဆူကျားမျိုးကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိနေပြီး ယခုအခါ ခြံစည်းရိုးကြက်ဆူရိုင်းများကို အင်းတိုက်အားတိုက် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

## တိုင်းမှူး ဗိုလ်ချုပ်သာအေး ကြက်ဆူပင်ပျိုးထောင်ပွဲတက်ရောက် ကြက်ဆူဆီဖြင့် လက်တွန်းထွန်စက်မောင်းနှင်ပြသမှု ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၄

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက မော်လိုက်မြို့ ဂေါက်ကွင်း၌ ကျင်းပသော မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲနှင့် ပျိုးကိုင်းများ စိုက်ပျိုးခြင်းအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ မော်လိုက်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရက ခရိုင်နှင့်မြို့နယ်များ၏ ကြက်ဆူပင်စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ တိုင်းမှူးက ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ကြက်ဆူပျိုးထောင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးအေးကျော်က ကြက်ဆူစေ့မှ ကြက်ဆူဆီရရှိနိုင်မှု၊ ကြက်ဆူဆီအား ဇီဝလောင်စာဆီအဖြစ် အကျိုးရှိစွာ အသုံးပြုနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများသည် ကြက်ဆူဆီဖြင့် ရေစက်၊ မီးစက်များ မောင်းနှင်မှုနှင့် လယ်ယာ-၁၆ လက်တွန်းထွန်စက်များ လက်တွေ့မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)



## မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (၁၇)နှစ်မြောက်နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

**မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏(၁၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ Summit Parkview Hotel၌ ကျင်းပရာ အသင်းနာယက ဦးလှထွေးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် နှစ်ပတ်လည် အစီအရင်ခံစာနှင့် ငွေစာရင်း ရှင်းတမ်းကို အသင်း ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖက တင်ပြရာ အစည်းအဝေး တက်ရောက်သူများက အတည်ပြုကြသည်။** (အပေါ်ပုံ)

ယင်းနောက် ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ကြရာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယကအဖြစ် ဦးလှထွေး (Nihon Keizai Shimbun)၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ (Mainichi)၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့် (NHK)၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး(TBS)၊ တွဲဖက်အတွင်းရေးမှူး ဦးမြတ်သူရ (Kyodo News)၊ ဘဏ္ဍာရေးမှူး ဦးဟန်ထွေးအောင် (TV Asahi)နှင့် စာရင်းစစ် ဦးမင်းဇော် (Tokyo Shimbun) တို့ကို ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေးပြီးတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ ညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ခြံစည်းရိုးကြက်ဆူအောင်မြင်ဖြစ်ထွန်းစေရန်အတွက် သတိပြုရန်အချက်များ အကြံပြုနှိုးဆော်ချက်

မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီဖူလုံရေးအတွက် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် ခြံစည်းရိုးကြက်ဆူပင်များအား အစေ့မှသော်လည်းကောင်း၊ အကိုင်းမှသော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြပါသည်။ စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းရန် လိုအပ်ပါသည်။

**၁။ ခြံစည်းရိုးကြက်ဆူပင်၏ ပင်စည်နှင့် အကိုင်းများသည် အခေါင်းရှိသဖြင့် မိုးကာလတွင် ကိုင်းဖြတ် ခေါင်နှိမ်မှုပြုပါက အပင်၏ရှင်သန်မှုကို ထိခိုက်နိုင်ပါသည်။ မိုးရွာသွန်းမှု မရှိတော့သည့် မိုးနှောင်းကာလတွင်သာ ကိုင်းဖြတ်ခေါင်နှိမ်မှု ပြုသင့်ပါသည်။**

**၂။ ခြံစည်းရိုးအဖြစ်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များအား မိုးနှောင်းကာလတွင် ကိုင်းဖြတ်လေ့ရှိကြပါသည်။ ကိုင်းဖြတ်တောက်ရာတွင် အပွင့်အသီးများရှိနေသော ကိုင်းဖြတ်ခြင်းအား ရှောင်ကြဉ်သင့်ပါသည်။**

**၃။ ဖြတ်တောက်ရရှိသော အကိုင်းများအား မြေတွင်တိုက်ရိုက်ချ၍ စိုက်ခြင်း၊ ပျိုးပေါင်၊ ပျိုးထုပ်များနှင့် စိုက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။**

**၄။ မြေတွင်တိုက်ရိုက်ချ၍ စိုက်ပျိုးပါက အပင်ရှင်သန်ရန် သင့်တော်သော အစိုဓာတ် ရှိရန်လိုပါသည်။ ပျိုးပေါင်၊ ပျိုးထုပ်များတွင် စိုက်ပျိုးပါကလည်း သင့်တော်သော အစိုဓာတ်ရှိရန် လိုပါသည်။**

**၅။ မိုးနှောင်းကာလတွင် စိုက်ပျိုးမြေများတွင် အစိုဓာတ်ဆုတ်ယုတ်မှုရှိသည့်အတွက် လုံလောက်သော အစိုဓာတ်မရှိပါက ရေလောင်းရန် လိုအပ်ပါသည်။**

**၆။ ပျိုးပေါင်၊ ပျိုးအိတ်များတွင် ထည့်သွင်းစိုက်ပျိုးပါကလည်း သင့်တော်သည့် အစိုဓာတ်ရှိရန် ရေလောင်းသင့်ပါသည်။**

**၇။ စိုက်ပျိုးမြေများတွင် ရေစိမ့်အားမကောင်းပါက ရေဝပ်၍ အပင်များ ပျက်စီးနိုင်မှုကိုလည်း သတိပြုရန် လိုအပ်ပါသည်။**

**၈။ ခြံစည်းရိုးကြက်ဆူများအား မိုးဦးကျကာလတွင် စိုက်ပျိုးပါက အသင့်တော်ဆုံးဖြစ်ပါသည်။**

**၉။ မိုးနှောင်းကာလတွင် စိုက်ပျိုးပါက မြေတွင်း အစိုဓာတ်မဆုတ်မီစိုက်ပျိုးခြင်း၊ အလွယ်တကူရေလောင်းနိုင်သည့် စိုက်ပေါင်၊ ပျိုးအိတ်များနှင့် ပျိုးထောင်စိုက်ပျိုး၍ မိုးဦးကျကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။**

**၁၀။ စိုက်ပျိုးမှုစနစ်များနှင့်ပတ်သက်၍ အကူအညီရလိုပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရုံး၊ ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# တနိုင်း-နန်းယွန်း-ပန်ဆောင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

**ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၅ရက် မွန်းလွဲပိုင်းက မြစ်ကြီးနား-တနိုင်းမော်တော်ကားလမ်းနှင့် လမ်းပိုင်းရှိ တံတားများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ညနေပိုင်းတွင် တိုင်းမှူးသည် တနိုင်းမြို့သို့ရောက်ရှိရာ မြို့ပေါ်ရပ်ကွက်များနှင့် ဆက်သွယ်ဖောက်လုပ် ထားသည့် မြို့တွင်းလမ်းများနှင့် ဌာနဆိုင်ရာရုံးများ၊ ပညာရေးဆိုင်ရာစာသင်ကျောင်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြားဖြည့်ဆည်း**

ထို့နောက် တိုင်းမှူးသည် တနိုင်း-မိုင်းခွန်ကျေးရွာချင်းဆက် ကျောက်ခင်းအမာခံလမ်းဖောက်လုပ် ပြီးစီးမှုလုပ်ငန်း အခြေအနေများကို လည်းကောင်း၊ နမ့်ဖြတ်ကျေးရွာအနီး စိုက်ပျိုးထားရှိသည့် ဇီဝလောင်စာဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူ ဧက ၃၀ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် တနိုင်း-နန်းယွန်း ကားလမ်းပိုင်း လမ်းတိုးချဲ့ ဖောက်လုပ်နေမှုနှင့် လမ်းပိုင်းရှိ တံတားများ ကြံ့ခိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လမ်းဘေးဝဲယာမှချုံနွယ်ပိတ်ပေါင်းများ အလင်းဖွင့်ဆောင်ရွက်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် နန်းယွန်းမြို့သို့ ရောက်ရှိပြီး မြို့ပေါ်ရပ်ကွက်နှင့် လမ်းများ၊ စာသင်ကျောင်းနှင့် ဆေးရုံများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် စည်ပင်သာယာဈေး အဆောက်အအုံများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပန်ဆောင်မြို့အနီးရှိ အိန္ဒိယ-မြန်မာ နယ်နိမိတ် နယ်စပ်ကျောက်တိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် ပန်ဆောင်မြို့တွင်း ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ပန်ဆောင်မြို့ ပညာရေးမြှင့်တင်မှု(ခာတုကလျာ) အမျိုးသမီး စာသင်ဆောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ တာဝန်ခံဆရာမကြီးနှင့် ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ပညာသင်ကြားရေးဆိုင်ရာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ပန်ဆောင်မြို့ နေမျိုးသူရ ရဲခေါင်ခန်းမ၌ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံရာ ပန်ဆောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးက ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ ဒေသတွင်း ကြက်ဆူဆီပင် စိုက်ပျိုးရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး၊ ကြက်ဆူဆီအား ဇီဝလောင်စာဆီအဖြစ် အသုံးပြုနိုင်မှုကို ပြည်သူများ သိရှိအောင် သရုပ်ပြဆောင်ရွက်ရေး၊ မြို့သန့်ရှင်းသပ်ရပ် သာယာလှပရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေးအကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူးက မြို့သောက်သုံးရေကန် ဆောက်လုပ်ရန်အတွက် ဒေသခံ ရပ်မိရပ်ဖ တစ်ဦးအား ငွေကျပ် ငါးသိန်း ထောက်ပံ့ပေးအပ်ပြီး ဒေသခံတိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်စုပေါင်း ဓာတ်ပုံရိုက်သည်။

ထို့နောက် တိုင်းမှူးသည် လောက်လိုင်ကျေးရွာသို့ သွားရောက်၍ ကျေးရွာဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များ မှာကြား၍ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ၊ ကျေးရွာရေအားလျှပ်စစ် တည်ဆောက်ရေးအတွက် ဘိလပ်မြေအိတ် ၃၀တို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် နမ့်မလစ်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက်တိုင်းမှူးသည် နန်းယွန်းမြို့သို့ရောက်ရှိပြီး နန်းယွန်းမြို့ ဗန္ဓုလခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိစစ်သည်မိသားစုများ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံရာ ရှေးဦးစွာနန်းယွန်းမြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို အသီးသီးရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ထို့နောက်နန်းယွန်းမြို့အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းအတွက် လိုအပ်သည့် သင်ကြားရေးဆိုင်ရာပစ္စည်းများ ဝယ်ယူရန် ငွေကျပ် ၁၀သိန်းကို တိုင်းမှူးကိုယ်စား ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်က ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်က လက်ခံရယူ၍ နယ်မြေခံတပ်နယ်အတွက် ထောက်ပံ့ငွေကျပ် ၁၀သိန်းကို တိုင်းမှူးကိုယ်စား နယ်မြေခံတပ်ရင်းမှူးက ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီးနောက် တိုင်းမှူးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)



**ဖေဖော်ဝါရီ ၄ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးတို့ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစ်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.D.M.M. Ranaraja ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားတော်မူသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပဥ္စမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၁၄ရက် ဖေဖော်ဝါရီ ၁၁ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ဟောကြားချီးမြှင့်မည်**

ဘုရားပွဲတော်ရက်မတိုင်မီ ခြင်းအလုခတ်ပွဲကို ဖေဖော်ဝါရီ ၁ရက်မှ ၁၀ရက်အထိလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ နှမ်းမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် ညနေ ၄နာရီ တွင်လည်းကောင်း၊ ပဥ္စမအကြိမ်မြောက် ဗလိနတ်စာ ပူဇော်ပသပွဲကို ဖေဖော်ဝါရီ ၇ရက်မှ ၉ရက်အထိ လည်းကောင်း၊ ဘုရားပွဲတော် ကျင်းပရေးအောင်မြင်မှုအတွက် ဆရာတော်ကြီး သုံးပါးက ဖေဖော်ဝါရီ ၁၂ရက်မှ ၁၄ရက်အထိ နေ့စဉ် ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၁ရက်နံနက်ပိုင်းတွင် နိုင်ငံတော်က ကြီးမှူးကျင်းပသော ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအလှူရှင်များပါဝင်ပြီး သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။ ဆွမ်းဆန်စိမ်းလောင်းလှူလိုသည့် အလှူရှင်များသည် ကျင်းပရေး ဗဟိုကော်မတီနှင့် မင်းဓမ္မကုန်းတော်ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံများတွင် အသုံးပြုရန်အတွက် AA Medical Product Ltd. မှ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်နှင့် သီရိသုဓမ္မသီဂီဒေါ်ခင်မြင့်မြင့်မိသားစုတို့က ငွေကျပ်သိန်း ၂၀၀တန်ဖိုးရှိ ပဋိဇီဝဆေးလေးမျိုးကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကျန်းမာရေး)



# ဆေးရုံများတွင် အသုံးပြုရန် ပဋိဇီဝဆေးများ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံများတွင် အသုံးပြုရန် ပဋိဇီဝဆေးများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် AA Medical Product Ltd. မှ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့်က ဆေးများလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး AA Medical Product Ltd. ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်-သီရိသုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့်နှင့် သား ကိုဇော်မိုးခိုင် (Managing Director, AA Medical Product Ltd.) - ဒေါက်တာစောယုနွယ် (Director) မိသားစုတို့က ငွေကျပ် သိန်း ၂၀၀တန်ဖိုးရှိ ပဋိဇီဝဆေးလေးမျိုးကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**တတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့**

(၆-၂-၂၀၀၆)

**"အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့"**

အနာကြီးရောဂါဟု မသင်္ကာဖွယ်ရာ ကနဦးလက္ခဏာများမှာ
- အရေပြားပေါ်တွင် အရောင်ပျော့သော၊ နီသော၊ ကြေးနီရောင်ပေါက်နေသော အကွက်များရှိပြီး ၎င်းတို့သည်-
- ယားယံမှုမရှိခြင်း
- နာကျင်မှုမရှိခြင်း
- ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ထိခြင်းကို မသိခြင်း
- အရေပြား၏ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်သည်။ အသက်အရွယ်၊ ကျားမ မရွေး၊ အတန်းအစားမရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။
- သင့်ရပ်ရွာတွင် အနာကြီးရောဂါကင်းဝေးလိုပါသလား။
- အနာကြီးရောဂါအကြောင်းကို လူတိုင်းသိအောင် ပြောပြပေးပါ။
- အနာကြီးရောဂါသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ။
- ဆေးကုသမှုခံယူနိုင်အောင် စည်းရုံးပေးပါ။
- MDT(အမ်ဒီတီ)ဆေးကို ကျန်းမာရေးဌာနတိုင်းတွင် အလွယ်တကူနှင့် အခမဲ့ ရနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။



**ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ အောင်စာသင်ကျောင်းမှ တိုကျိုအောင်ကြီးက ဗလာစာအုပ် ၆၀၀ လှူဒါန်းစဉ်။**

(က-ပ)

# Air Bagan မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆင္ဓမပွဲစဉ် ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. အဓိကကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ် Air Bagan မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆင္ဓမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် တနင်္သာရီတိုင်း ကော့သောင်းမြို့ရှိ ကော့သောင်းဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Srixon) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး (၆၉+၇၀) ပေါင်း ၁၃၉ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇင်ဝင်း (Srixon) က(၇၁+၇၃)၊ မြင့်သောင်း (KM Golf Centre) က (၇၁+၇၃) နှင့် ယဉ်အောင်လတ် (တောင်ကြီး) က (၇၀+၇၄) ပေါင်း ၁၄၄ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး နန္ဒကျော် (Srixon) က (၇၃+၇၂) ပေါင်း ၁၄၅ချက်ဖြင့် တတိယလိုက်နေသည်။

Amateur ပြိုင်ပွဲတွင် ငွေထွန်းက (၇၀+၇၇) ပေါင်း ၁၄၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဘိုဘိုက (၇၅+၇၇) ပေါင်း ၁၅၂ချက်ဖြင့် ဒုတိယလိုက်နေသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ဖြစ်ပြီး Official Bank အဖြစ် KBZ Bank Ltd. ဖြစ်ကာ Co. Sponsor များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum palace Hotel Resort၊ Kaw Thaung Golf Club၊ Srixon၊ Kachin Golfers Group၊ Jade Land Myanmar Co., Ltd.၊ Max Myanmar Co., Ltd၊ London၊ Viking Marine Product Trading Co., Ltd. တို့က အသီးသီး ပါဝင်ကူညီကြပြီး ကော့သောင်း ဆင္ဓမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)



၂၀၀၅-၂၀၀၆ ခုနှစ် Air Bagan မြန်မာ-ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆင္ဓမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းကော့သောင်းမြို့ရှိ ကော့သောင်း ဂေါက်ကလပ်၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)



ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနေ ဒေါ်ခင်သစ် မိသားစုက ကွယ်လွန်သူ ဦးမောင်လွင်အား ရည်စူး၍ အလှူငွေကျပ် ၁၄၀၀၀၀ ကို အင်းစိန်မြို့၊ ကွက်သစ်ရပ်ကွက်၊ မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းတွဲဖက် ဘဏ္ဍာရေးမှူး (၁) ဦးခင်မောင်ကြီးနှင့် အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၃ နာရီ ၀၅ မိနစ် ၅၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (အိန္ဒိယဒေသ၊ ကပ္ပလီကျွန်းစု၊ ပို့ဘလဲယားမြို့၏ အနောက်မြောက်ဘက် မိုင် ၃၀ခန့် အကွာ ပင်လယ်ပြင်) ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ သုညအဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

## ရှင်စောပု စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ရှင်စောပုလမ်းတွင် တည်ထား ကိုးကွယ်တော်မူလျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ရှင်စောပုစေတီ တော်မြတ်ကြီး၏ (၄၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက်နံနက်မှ ၁၅ ရက် နံနက်ထိ အသံမစဲ မဟာပဋ္ဌာန်းမြတ်ပူဇော်ပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၊ ၁၆ ရက်တွင် ဆရာတော် အရှင်အာစာရာလင်္ကာရ၊ ၁၇ ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ တို့က တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (၄၃)



ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ နီကြောခလမ်းနေ ဦးသန်းမြင့်-ဒေါ်သန်းသန်းဝင်း မိသားစုက ဒဂုံမြို့နယ်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ဦးသန်းမြင့် မွေးနေ့ အလှူတော်ငွေကျပ်တစ်သိန်းကို ဝိနယဓရ မိုးမိတ်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ဥတ္တမရံသီထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## စစ်သွေးမဂ္ဂဇင်းထုတ်ဝေခြင်း မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ထုတ်ဝေခဲ့သည့် စစ်သွေးမဂ္ဂဇင်း မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ဆာကူရာတာဝါ၌ကျင်းပရာ အခမ်းအနားသို့ ဖိတ်ကြားထားသည့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ စာရေးဆရာများ တက်ရောက်ကြသည်။

မိတ်ဆက်ရှင်းလင်းပွဲတွင် အခမ်းအနားမှူးအဖြစ် ဦးဝင်းငြိမ်းက ဆောင်ရွက်ပြီး စစ်သွေးမဂ္ဂဇင်း အယ်ဒီတာချုပ် သောင်းဝေဦးက စာဖတ်ပရိသတ်များအတွက် ကျယ်ကျယ်ပြန့်ပြန့် ရေးသားတင်ပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ စစ်သွေးမဂ္ဂဇင်းကို ထုတ်ဝေခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလအထိ သုံးအုပ်မြောက် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်းနှင့် စာဖတ်ပရိသတ်များအတွက် ရသစုံမဂ္ဂဇင်းအဖြစ် လစဉ်ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

စစ်သွေးမဂ္ဂဇင်းကို တာဝန်ခံ အယ်ဒီတာအဖြစ် လွင်သောင်းဝေက ဆောင်ရွက်ပြီး ဆက်သွယ်ရန်လိပ်စာမှာ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း (အထက်) (၃၈)လမ်း ပလာဇာ ပထမထပ် ဖုန်း-၃၇၉၇၇၃ ဖြစ်သည်။ (သတင်းစဉ်)





၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ထုတ်ဝေခဲ့သည့် စစ်သွေးမဂ္ဂဇင်း မိတ်ဆက်ရှင်းလင်းပွဲတွင် စစ်သွေးမဂ္ဂဇင်း အယ်ဒီတာချုပ် သောင်းဝေဦး မဂ္ဂဇင်းထုတ်ဝေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

## ဇလွန်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)၏ (၄၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈နာရီတွင် စမ်းချောင်းလမ်း (မင်းလမ်းထိပ်) ရှိ မြသိန်းတန် အောင်ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ် ပြည့်ပြီးသူ အသင်းဝင်များနှင့် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများစာရင်းကို ဖေဖော်ဝါရီ ၁၀ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၅၁၀၃၆၇၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်း ဖုန်း-၅၈၄၁၈၁ နှင့် ဦးကျော်ငြိမ်း ဖုန်း-၅၅၉၀၅၉၊ အတွင်းရေးမှူး ဖုန်း-၅၁၀၂၈၅၊ ၇၂၄၅၅၄ တို့ထံ ဆက်သွယ် စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

## ပန် ပစိဖိတ်အိုးပင်း တင်းနစ်ပြိုင်ပွဲ မာတီနာဟင်းဂစ် ဗိုလ်လုပွဲသို့ တက်လှမ်း

တိုကျို ဖေဖော်ဝါရီ ၄

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စနေနေ့က ကျင်းပသည့် Pan Pacific Open တင်းနစ်ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ၌ ကမ္ဘာ့နံပါတ်(၁) ထိပ်သီး တင်းနစ်မယ်ဟောင်း ဆွစ်ဇာလန်နိုင်ငံသူ မာတီနာဟင်းဂစ်က ရုရှားနိုင်ငံသူ မာရီယာရှာရာပိုဗာကို ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိလိုက်သည်။ မာတီနာဟင်းဂစ်သည် တင်းနစ်လောကမှ ခေတ္တအနားယူခဲ့ပြီးနောက် နိုင်ငံတကာပွဲများတွင် ပြန်လည်ပါဝင်ကစားခဲ့ချိန်နောက်ပိုင်း ဗိုလ်လုပွဲအဆင့်အထိ တက်လှမ်းနိုင်ခြင်းသည် ပထမဆုံးဖြစ်သည်ဟု ဆိုသည်။

၁၉၉၇ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၂ ခုနှစ်တို့တွင် ဗိုလ်စွဲခဲ့သည့် ထိပ်တန်း တင်းနစ်မယ်ဟောင်း မာတီနာဟင်းဂစ်သည် Pan Pacific Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ရှာရာပိုဗာထက် အသာကစားနိုင်ခဲ့သည်။

မာတီနာဟင်းဂစ်သည် ကျင်းပနေဆဲ ပွဲတိုင်းတွင် လက်စွမ်းပြ ကစားနိုင်ပြီး ယင်းတင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲသို့ သတ္တမမြောက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဗိုလ်လုပွဲအဆင့်အထိ မိမိတက်လှမ်းလာနိုင်သဖြင့် အထူးပင် ဝမ်းမြောက်မိကြောင်း ဟင်းဂစ် (၂၅နှစ်)က ပြောကြားသည်။



ဖေဖော်ဝါရီ ၄ ရက်က တိုကျိုမြို့တော်တွင် ကျင်းပသော ပန်ပစိဖိတ်အိုးပင်း တင်းနစ် ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် အနိုင်ရရှိသည့် မာတီနာဟင်း ဂစ်၏ ယှဉ်ပြိုင်ကစားဟန်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟင်းဂစ်သည် တနင်္ဂနွေနေ့တွင် ကျင်းပမည့် ဗိုလ်လုပွဲတွင် ရုရှားနိုင်ငံမှ ပင်ဖြစ်သော အယ်လ်လင်နာဒီမန်တီဗာနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဒီမန်တီဗာသည် နံပါတ် (၂) အဆင့်ရှိသူဖြစ်ပြီး သူမနှင့် တစ်ပြည်တည်းသူဖြစ်သူ အင်နာစတာစီယာ မစ္စကီနာကို ၆-၄၊ ၃-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်အထိ တက်လာခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ပဲခူးတပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်စိုက်ပျိုးပေး

ရန်ကုန် ဖေဖော်ဝါရီ ၄

**ရန်ကုန်တိုင်းစစ်ဌာနချုပ် ပဲခူးတပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ ပါဝင်ပျိုးထောင်စိုက်ပျိုးပေးကြသည်။**

အခမ်းအနားသို့ နယ်မြေခံတပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး၊ ပဲခူးတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်သန့်ဆွေနှင့်ဇနီး၊ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် ခြံစည်းရိုးကြက်ဆူပင်သည် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် နှစ်ရှည်ပင် တစ်မျိုးဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်ကို အစေ့ချခြင်းဖြင့်လည်းကောင်း၊ ကိုင်းဖြတ်၍လည်းကောင်း စိုက်ပျိုးနိုင်ကြောင်း၊ ခြံစည်းရိုးကြက်ဆူစေ့ကို ကြိတ်၍ ရရှိသည့် အဆီကို စက်သုံးဆီအစားထိုး ဘိုင်အိုဒီဇယ်အဖြစ် အသုံးပြုနိုင်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် ခြံစည်းရိုးကြက်ဆူဆီကို စက်မောင်းဆီ၊ ဘိုင်အိုဒီဇယ်အဖြစ် အသုံးပြုနိုင်ခြင်း၊ ကြိတ်ဖတ်ကို မြေသြဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ သဘာဝမြေဆီ၊ မြေလွှာကို ထိန်းသိမ်းနိုင်ခြင်းနှင့် ဒေသခံပြည်သူများအတွက် ထင်းနှင့် အခြားလောင်စာ ရရှိစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခြင်းကြောင့် ခြံစည်းရိုးကြက်ဆူပင်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြစေလိုကြောင်း၊ ရန်ကုန်တိုင်းအနေဖြင့် ၂၀၀၆ ခုနှစ်မှ စတင်၍ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ ပဲခူးတပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်တွင် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးစဉ်။ (သတင်းစဉ်)

# ကြွေရည်စိမ်နှင့် စတီးလ် အိမ်သုံးပစ္စည်းစက်ရုံစီမံကိန်း(မင်းစု) စီမံကိန်းလုပ်ငန်းများပြီးစီးမှုအခြေအနေ စက်မှု(၁)ဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက် လိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော ကြွေရည်စိမ်နှင့် စတီးလ် အိမ်သုံးပစ္စည်းစက်ရုံစီမံကိန်း(မင်းစု)သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာကြားသည်။**

ရှေးဦးစွာ ဝန်ကြီးသည် ၂၀၀ ပေ × ၂၀၀ပေ ပင်မအဆောက်အအုံ၏ မြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှုများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များတပ်ဆင် စမ်းသပ်နေမှု၊ စက်ရုံမှစမ်းသပ်ထုတ်လုပ်ဆဲစတီးလ်ပစ္စည်းအမယ်များနှင့် ရှေ့ဆက်လက်ထုတ်လုပ်သွားမည့် စတီးလ်ပစ္စည်းအမယ်များကိုလည်းကောင်း၊ ဆက်လက်ပြီး တိုးချဲ့ထုတ်လုပ်သွားရန် လျာထားသည့် ဆေးရုံသုံးပစ္စည်းအမယ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သွင်းကုန်အစားထိုး ကြွေရည်စိမ်နှင့် စတီးလ် အိမ်သုံးပစ္စည်းများအား အမယ်စုံ တိုးတက်ထုတ်လုပ်သွားရေး တီထွင်ကြံဆကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့မှတစ်ဆင့် ဝန်ကြီးသည် ပြုပြင်ထိန်းသိမ်းရေးဌာနသို့ ရောက်ရှိပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်များစပ်သပ်လည်ပတ်ထုတ်လုပ်မှုကို လည်းကောင်း၊ ဖောက်စက်များ၊ မျက်နှာပြင်ချောစက်များ၊ ရွှေဖော်ထိုးစက်များ၏ ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စတီးလ်ပုံဖော်ထောင်း ဌာနစိတ်ကိုလည်းကောင်း၊ ပုံထောင်း ပုံပြတ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** *



အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံစီမံကိန်း(မင်းစု)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

# ပြည်ထောင်စုဒိုင်းဘောလုံးဗိုလ်လုပွဲ မြန်မာ့ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

**၂၀၀၆ခုနှစ် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဧရာဝတီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းသိရသည်။** (ကြေးမုံ)

## ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- ***စွပ်ကျယ်စက်ရုံ(တောင်သာ) စီမံကိန်းသည် လက်ရှိ တည်ဆောက်ပြီးစီးနေသည့် စွပ်ကျယ်စက်ရုံများအနက် အကြီးမားဆုံးနှင့် ခေတ်အမီဆုံး စက်ရုံတစ်ရုံဖြစ်သည်။*** (ခေါင်းကြီး၊ စာမျက်နှာ-၂)

- ***ရှင်ဥပဂုတ္တ မဂ်လာကန်ဥယျာဉ်တော်ကြီးကို ယနေ့ (၅-၂-၂၀၀၆) ရေစက်ချ လှူဒါန်းကာ ဖွင့်ပွဲအခမ်းအနား ကျင်းပမည် ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးကြွရောက်လာကြသော ဘုရားဖူးပြည်သူများအနေဖြင့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဖူးမြော်ကြည်ညိုကာ စိမ်းလန်းစိုပြည် သာယာလှပသော ရှင်ဥပဂုတ္တ မင်္ဂလာကန်ဥယျာဉ်တော်တွင် အနားယူနိုင်ကြမည်ဖြစ်ပေသည်။***

  မောင်ယဉ်မင်း၏ ***"ရှင်ဥပဂုတ္တမင်္ဂလာကန်ဥယျာဉ်တော်"*** (ဆောင်းပါး၊ စာမျက်နှာ-၆)